# မောင်ညိုမြိုင်း(သန်လျင်)

စီစဉ်ထားသော

# ဝေတာခီလုံးဒိုးဝေ့ခုံးတောင့်

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမြိုင်း(သန်လျင်)
ထောင်မှူးကြီးသိန်းဝင်း
ဆောင်းလုလင်
ဩဗိသ
နတ်လှူဦး



# ဝတစ်လုံးဦးထုံးဘူး-မောင်ညိုမှိုင်း(သံလျှင်)

(၁)

ကျွန်တော်မျက်မြင်ကိုယ်တွေ့ သိရသလောက်တော့ သူ့ကို ဒေသခံရပ်သူရွာသား၊ မြို့သူမြို့ သားတွေက ဆေးဝိဇ္ဇာဦးဂလုံးလို့ ခေါ်ကြလေရဲ့။

အမှန်က ဦးဂလုံးဆိုတာသည်လည်း သူ့ရဲ့အမည်ရောင်း မဟုတ်ဘူး..။

ဒီလူကြီး ဒီမြို့ကိုရောက်လာတာလည်း သိပ်မကြာဘူးတဲ့။ ခန့်မှန်းရှိလှ တစ်နှစ်ဝန်းကျင်ခန့်လို့ပဲ ပြောကြတယ်.။

"ဒီဦးဂလုံးကြီး ကျုပ်တို့မြို့ကို ရောက်လာတယ်။ သိပ်မကြာသေးဘူး ဆရာမှိုင်းရဲ့။ ဘယ်လ တုန်းကပါလိမ့်...."

"တန်ဆောင်မုန်းလ မဟုတ်ဘူးလား ကိုသိန်းအောင်"

"မဟုတ်ဘူး....ကိုအောင်ဘရဲ့။ နေပါဦး......အဲ......အဲ.....သိပြီ...သိပြီ။ သီတင်းကျွတ်လ အဖိတ်နေ့ကဗျ...အဲဒီ နေ့က ကျုပ်တို့မြို့လယ်နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံက နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့ တွင်းကို ဒေသစာရီလှည့်တဲ့ ဒုတိယနေ့လေဗျာ"

"ဟာ....ဟုတ်တယ်၊ ဟုတ်တယ်။ ကိုသိန်းအောင်ပြောတာ အမှန်ပဲ စာရေးဆရာရေ.."

ဦးအောင်ဘဆိုသူကရော၊ ကိုရွှေဗျိုင်းဆိုသူကပါ ဦးသိန်းအောင်ရဲ့စကားကို အားတက်သရော ဝိုင်းဝန်းထောက်ခံကြလေရဲ့ခင်ဗျ။

"လုပ်ပါဦး....ဦးသိန်းမောင်ရ။ ဒီဆေးဝိဇ္ဇာဦးဂလုံးကြီးရောက်လာပုံလေး..."

“ဒီလို ဆရာမှိုင်းရေ....”

မြို့တွင်းမှာ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များက နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း မြို့ပေါ် (၁၆) ရပ်ကွက်ဒေသစာရီ လှည့်လည်အပူဇော်ခံကြွပွဲ လုပ်လေ့ရှိတယ်။

အဖိတ်အကြိုနေ့တစ်ည....

အဖိတ်နေ့တစ်ည......ပေါင်း နှစ်ည။

လပြည့်နေ့ကျတော့ မြို့လယ်ဓမ္မာရုံကြီးမှာ မဏ္ဍပ်ကြီးပါထိုးပြီး ဆီမီးငါးသောင်း၊ ပန်းငါးသောင်း အပူဇော်ခံအထိုင်ပွဲ ကျင်းပလေ့ရှိတယ်။

နှစ်ကျိပ်ရှစ်ဆူဘုရားများကို ဒေဝါဝင်း၊ ရာဇာဝင်းနဲ့ ခမ်းခမ်းနားနားလှည့်တာ။ လျှပ်စစ်မီးရောင် စုံ၊ ကားမျိုးစုံနဲ့ နည်းတဲ့လူတန်း၊ ကားတန်းလားဗျာ။

အဲဒီ မှာ ဧည့်ခံဖြေဖျော်ရေး အလှကားတွေ၊ တီးဝိုင်းတွေ ပါလိုက်သေးတယ်။

မြို့ခံအဆိုတော်တွေရော ရန်ကုန်က သီးသန့်အဆိုတော်တွေသာမကဘူး၊ သဘင်အစည်း အရုံးက အကပညာရှင်များပါ လှည့်ကားပေါ်မှာ ပါဝင်ကပြကြတော့ သီးတင်းကျွတ်လရောက်ရင် ကွင်း ဖွင့်အစည်ကားဆုံးပွဲကြီးပဲ။ ရပ်ကွက်တိုင်းကလည်း အကျွေးအမွေးများနဲ့ ဧည့်ခံကြတာ။

လူငယ်တွေကလည်း ရှေးရိုးရာဓလေ့အတိုင်း အလှူခံဆွမ်းဗျပ် ဆန်ကောကြီးတွေ ဟိုဘက် ဒီဘက်ဆိုင်းကြိုးနဲ့ထမ်းပြီး အလှူခံကြ။

ဒေသခံတွေကလည်း ပန်းမန်၊ သစ်သီးဝလံစားဖွယ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဝတ္ထုငွေ စသည်ဖြင့် အားတက်သရော လှူကြတာကိုး။

ဖွေးဖွေးလှုပ်၊ ကြိတ်ကြိတ်တိုး စည်းကားပါ့ဗျာ။ ရှေ့ဆုံးမှာ

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက မီးစကြာ၊ မီးဆိုင်း၊ ပန်း၊ ခမ္ဘဝတ်ရွတ်သံနဲ့ ကြွတာလေ။

အဲဒါ လမ်းတိုင်းရပ်ပေးရတယ်။ ကသိုလ်ရှင်တွေက ပန်းဆက်ကပ်ကြ၊ အမွှေးတိုင်ကပ်လှူကြ၊ အလှူခံငွေဖလားထဲကို အလှူငွေများထည့်ဝင်ကြပေ့ါ။

မြို့လယ်ဗဟိုလမ်းမကြီးအတိုင်း စည်မောင်းသံနဲ့ လှည့်လည်လို့လာချိန်မှာပဲ…

အရူးလိုလို လူကြီးတစ်ဦးဟာ ငွေစက္ကူပန်းကုံးကြီးတစ်ကုံးကိုင်ပြီး ဟိုးရှေ့လူရှင်းမြင်းကွင်းမှာ ဆီးကြိုကနေပါရော့ဗျာ။

ငွေစက္ကူပန်းကုံးကြီးကိုင်ပြီး အားရရွှင်မြူးကနေတဲ့ အရူးလိုလိုလူကြီးရဲ့ ပုံပန်းသဏ္ဍာန်ကိုကြည့် ဦး…..။

ပုဆိုးအောက်နားကွဲနဲ့။

အကျႌက ရှေ့ရင်ဘတ်သာလုံခြုံပြီး နောက်ကျောမှာ ဗလာကျောပြောင်ကြီး။

ဆံပင်ကလည်း တစ်ပေခန့်ရှည်ပြီး နောက်ကုပ်ပိုးပေါ်ကို ဖားလျားကျထောက်လို့။

နှုတ်ခမ်းမွေးဖြူဖြူ ပါးမြိုင်းမွေးဖြူဖြူများက မျက်နှာတစ်ပြင်လုံးကို ကာဆီးထူပိန်းလို့ အလွန့်ကို ကြီးမားသည့် အညာဖျင်လွယ်အိတ်ကြီးလည်း စလွယ်သိုင်း လွယ်ထားလိုက်သေးရဲ့။

အညာဖျင်လွယ်အိတ်ထဲမှာ ဘယ်လိုပစ္စည်းပါရှိနေသလဲ မသိဘူး။ လေးပြီး အိုက်တွဲကျလို့။

ခြေထောက်မှာကျတော့….

ခုံသစ်သား ခုံဖိနပ်က တစ်ဖက်။

အဲဒါ ငွေစက္ကူပန်းကုံးကြီးကိုင်မြှောက်ပြီး ဒေသစာရီကြွမည့်လမ်းမှာ ကခုန်နေတာ။ လမ်း ကြောင်းရှင်းတဲ့ ရှေ့ပြေးအဖွဲ့က မေတ္တာရပ်ခံရရောပေါ့။

“ဘကြီး.....ဘေးနားကို ဆင်းပေးပါခင်ဗျ”

“မဆင်းဘူးကွ။ ငါ ဘုရားကိုလှူမလို့”

“ဘေးကနေလှူလည်း ရပါတယ် ဘကြီးရ”

“ရှေ့တည့်တည့်ကလှူမှ ကုသိုလ်ပိုရတာ ကွ။ အဟေ....ဟေ...ဟော့... အဟ...ဟိုး...စတော့ Stop”

ကြည့်စမ်းပါဗျာ။

အရူးလိုလူကြီးကိုင်ထားသည့် ငွေစက္ကူကုံးက ငါးပြားဆယ်ပြားပန်းကုံးကြီး မဟုတ်ဘူး။

ငွေစက္ကူ ကိုးဆယ်တန်တွေချည်း သီကုံးထားသည့် ပန်းကုံးကြီးဗျာ။ မရှိဘူးဆို ငွေစက္ကူပန်းကုံး အရှည်က လူကြီးလက်နှစ်ဖက် တစ်ဝိုင်းမကဘူး။

ခန့်မှန်းငွေ ငါးသောင်းအောက်မလျော့ဘူး။ လမ်းနံဘေးဝဲယာက လူအုပ်ကြီးကလည်း အံ့ဩကြ လို့။

“ဘယ်က လူကြီးတုံးဟဲ့”

“မသိဘူးတော်။ ငွေစက္ကူပန်းကုံးကြီးက တန်ဖိုးမနည်းဘူး”

“သူ့ကို ဒီမြို့မှာ တစ်ခါမှ မမြင်ဖူးပါဘူး”

“ဟုတ်တယ်ဗျ။ ဒီနေ့ညကျမှ မြင်ရတာ ”

“သူဌေးရူးများလားမသိဘူး”

“ခပ်ငယ်ငယ်ပဲ ရှိမယ်နဲ့တူတယ်”

“ဘယ့်နှယ်....အသက်ငါးဆယ်၊ ခြောက်ဆယ်အောက် မလျော့ဘူးဟ..”

“ဟော....ဟော....ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရပ်ပေးနေပြီဟဲ့”

နောက်ဆုံး ရှေ့ဆုံးကကြွချီသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ဂျစ်ကားဟာ သူ့ရှေ့မှာ ခေတ္တခဏရပ် ပေးလိုက်ရော အရူးလိုလူကြီးဟာ အားရဝမ်းသာမျက်နှာနဲ့ ရွှင်မြူးသွားပြီး ငွေစက္ကူပန်းကုံးကြီးကို မြှောက်လို့ အခုလိုအော်ပြောလိုက်လေရဲ့။

“အလှူ့ဒကာ၊ အလှူ့အမ သူတော်ကောင်း (၇) ရက်သားသမီးအပေါင်းတို့ရေ....ဟောဒီငွေ ပန်းကုံးကြီးဟာ... ကျုပ်ငွေငါးသောင်းရှိပါသဗျာ။ အဲဒါ ကျုပ်ရဲ့ တစ်သီးပုဂ္ဂလကောင်းမှု မဟုတ်ဘူးဗျို့။ အရပ်ရပ်က (၇)နေ့သားသမီးများရဲ့ကုသိုလ်တော် ကောင်းမှုများပေပဗျာ။ ဒါကြောင့် (၇) နေ့သား သမီးကောင်းမှု အကြောင်းပြုလို့ ဒီနေ့ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ရည်စူးလှူဒန်းလိုက်ပါပြီ ဗျာ။”

ဤကောင်းမှုအဖို့ဘာဂအား သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များနှင့်တကွ (၇)ရက်သားသမီး၊ ရှင်လူရဟန်းတို့ အပါအဝင် (၃၁)ဘုံသားအားလုံးတို့အား ရည်မှန်းအမျှပေးဝေပါသည်။ အားလုံး....အမျှ ... အမျှ....အမျှပါ ခင်ဗျာ

အရူးလိုလို မုတ်ဆိတ်ပါးမြိုင်း အကျႌကျောပြောင် ရှေ့တစ်ခြမ်းရှိ ပုဆိုးအောက်နားကွဲနဲ့လူကြီး ဟာ ထိုသို့ပြောပြီးနောက် ငွေစက္ကူပန်းကုံးကြီးကို ကြေးဆင်းတုတော် မတ်တတ်ရပ်ဗုဒ္ဓရုပ်ပွားတော်ရဲ့ ဦးခေါင်း လည်ပင်းတော်ပေါ်သို့ ရိုရိုသေသေစွပ် လှူဒါန်းလိုက်ရော တိုက်ဆိုင်ပုံများရယ်ဗျာ...

ကားတစ်စီးပေါ်ရှိ မြန်မာဆိုင်းဝိုင်းကြီးက ဒါကိုမြင်ပြီး အောင်ပါစေသီချင်းကို တီးဆိုချလိုက်ရော နံဘေးဝဲယာကကြည့်နေကြသည့် ပရိသတ်လူထုရော ဒေဝါဝင်း၊ ရာဇာဝင်းက သရုပ်ဆောင်များရော ဝတ်ဖြူစင်ကြယ်ဝတ် ဥပသကာ၊ ဥပါသိကာ အမျိုးသမီးများကပါ

ဝမ်းသာလှိုက်လှဲစွာ…

“သာဓု….သာဓု…..သာဓု….”

“သာဓု…..သာဓု…..သာဓု…”

“သာဓု…..သာဓု….သာဓု…”

ကြည့်စမ်း…..တစ်ပြိုင်နက်သောသာဓုခေါ်သံများဟာ မြို့လယ်လမ်းမကြီးပေါ်မှာ စည်စည် ဝေလျှံနေတယ်။ သာဓုခေါ်သံဟာ မြို့လယ်အရပ်ကိုဖုံးလွှမ်းပြီး ဟိုအထက်ဘဝဂ် အောက်အဝီစိတိုင် အောင် ကြားရအောင်ပဲ့တင်နေတာကို အားလုံး သိရှိခံစားလိုက်ရတယ်။

သည့်နောက် အရူးလိုလိုလူကြီးဟာ အောင်စည်သံအလိုက်နဲ့ ဟန်ကျပန်ကျ ပြုံးကာရယ်ကာ အားရပါးရကပြီးနောက် လူအုပ်ကြီးကို လက်ပြနှုတ်ဆက်ပြီး လမ်းချိုးလေးတစ်ခုကို ပြေးဝင်လို့ထွက်ခွာ သွားလေရဲ့… စာရေးဆရာရေ။

*

## (၂)

အဲဒီ နောက်ပိုင်း သူ့ကို ပြုပြင်နေဆဲ ပါဒမင်းများကောင်းမှု၊ ရှေးဟောင်းဘုရား စေတီနံဘေးက ဇရပ်ပျက်ကလေးမှာ တွေ့မြင်ရတော့တာပဲ။

သူ့ကို လူအချို့က စိတ်ဝင်စားကြတယ်။

အထူးသဖြင့် ဘုရားစေတီတည်နေကြသည့် ပန်းရန်သမားအုပ်စုက ခင်မင်နောက်ပြောင်ပြီး စိတ်ဝင်စားကြလေရဲ့။

ကြည့်လေ….

သူ ဇရပ်ပျက်ပေါ်မှာ ဘာလုပ်နေလဲသိလား။

ထုံးကျောက်လုံးကြီးကို ကော်ပတ်နဲ့ လုံးချောနေအောင် တိုက်ပွတ်နေတာခင်ဗျ။

သူပွတ်တိုက်နေသည့် ထုံးကျောက်တုံးကြီးက မရှိဘူးဆိုရင် ကိုရင်လေးတွေပိုက်သည့် သပိတ် ကလေးလောက် အရွယ်အစားရှိတယ်။

အရူးလိုလူကြီးက ကွမ်းထုပ်ကြီးကိုဖြေပြီး ကွမ်းတစ်ယာ ယာစားလိုက်၊ ထုံးကျောက်လုံးကြီးကို ပွတ်တိုက်လိုက်၊ ပြီး နေရောင်မှာ ထောင်ကြည့်လိုက်၊ တစ်ခါ လက်နှစ်ဖက်နဲ့ တည်နေသည့်ဘုရားရှိရာ ကို ကန်တော့ပွဲမြှောက်သလို မြှောက်ပြီး ဘာဂါထားမှန်းမသိဘူး။ တတွတ်တွတ် ရွတ်နေလေရဲ့။

အဲဒါ ပန်းရန်သမားအုပ်စု လူရွယ်များက သူ့ကိုကြည့်ပြီး ရယ်ကြနောက်ကြလေရဲ့။

“ဗျို့…..ဘကြီး”

“ဘကြီး…”

“ဒီမှာ ဘကြီးရ…”

နားလေးသလားမသိဘူး မနည်းအော်ပြောရတယ်။ သူကတော့ ထုံးကျောက်တုံးကြီးကိုပွတ်ပြီး သူ့ဘာသာ သဘောကျနေမြဲ။

“ဗျို့…..အဘ၊ ဘကြီးရ”

“ဘာတုံး”

“ဘာတွေလုပ်နေတာတုံးဗျ”

“ပတ္တမြားကို အရောင်တင်နေတာ မမြင်ဘူးလား”

“ဟား.....ဟား.....ဟား.....ဟား....ကြံကြီးစည်ရာ....ဘကြီးရာ ဘယ်ကလာ ပတ္တမြားကမှာလဲ ဗျ၊ ဒါ ထုံးကျောက်တုံးလို့ခေါ်တယ်ဗျ၊ ဟား.....ဟား......ဟား......”

ဒီမှာ သူက ပန်းရန်သမားငကျောက်ရဲ့ မျက်နှာကို ကွမ်းဝါးရင်းကနေ မော့ကြည့်ပြီး....

“မင်းက ကျောက်အကြောင်း ဘယ်လောက်နားလည်လို့လဲ”

“ကျွန်တော်က ပန်းရန်သမားပါ.....ဘကြီးရ၊ ကျောက်အကြောင်းနားလည်တာပေါ့”

“နားလည်ရင် သိသလောက် ဖင်ခေါင်းကျယ်ပါဦးကွ”

“ကျောက်မှာ အုတ်သဲကျောက်၊ ဂဝံကျောက်၊ ကျောက်စရစ်၊ ထုံးကျောက်၊ အုတ်ခဲလေဗျာ”

“မိုးကုတ်ကျောက်ကိုမြင်ဖူးလား”

“ကျွန်တော်တို့က ပန်းရန်သမားဥစ္စာ ပန်းရန်နဲ့ဆိုင်တဲ့ ကျောက်ပဲသိတယ်။ မိုးကုတ်ကျောက် က ဘယ်လိုဟာတုံးဗျာ ဘကြီး”

ဒီမှာ အရူးလိုလူကြီးက သူပွတ်နေသည့် ထုံးကျောက်တုံးကြီးကို မြှောက်ပြပြီး....

“ဒါ မိုးကုတ်ကျောက်ပဲ”

“ဝါး....ဟား.....ဟား.....ဟား....ဟား...”

“ဟီး....ဟီး....ဟား....ဟား....”

“အဟတ်....အဟတ်....အဟတ်...”

“မင်းတို့က ဘာရယ်တာလဲ”

“ဒီကျောက်က ဘယ်လောက်တန်တုံးဗျ”

“ပတ္တမြားငမောက်က ကွမ်းသီးခြမ်းလောက်ပဲရှိတယ်။ အဲဒါ ခုနှစ်ပြည်ထောင်တန်ဖို့နဲ့ညီတဲ့ မြန်မာ့နန်းစဉ်ပတ္တမြားကျောက်ကွ....အဲဒီ သီပေါမင်းကို ကာနယ်စလေဒင်တို့ဖမ်းတော့ ကာနယ်စလေ ဒင်က ခဏကြည့်ပါရစေဆိုပြီးယူသွားတာ လုံးဝပြန်မရဘူး။

ပြီး.....ပါသွားသေးတယ်။ လှော်ကားလေးတင်ကျောက် (ပတ္တမြား)အလေးချိန်ရတီ (၂၀) ရှိ တယ်။ ဘာလို့ လှော်ကားလေးတင်ကျောက်လို့ခေါ်သလဲ...သိလား”

“ဟင့်အင်း”

ပန်းရန်သမားအဖွဲ့ဟာ အရှုးလိုလူကြီး ခပ်တည်တည်ပြောနေသည့် ပတ္တမြားကျောက်များအ ကြောင်း လုံးဝမသိ။ ခု ကျောက်နှင့်စပ်ပြီး အရူးလိုကွမ်းသွေးပေကျံလူကြီးက သူတို့မကြားဖူးသည့် စကားများကို ပြောပြနေတော့ အားလုံး အံ့သြငေးမော ဖြစ်ကုန်ကြတယ်။

“ဘိုးတော်ဘုရားလက်ထက်တုန်းက လှော်ကားလှေတော်နဲ့ တင်ဆက်ဆက်သရလို့ လှော် ကားလှေတင်ကျောက်လို့ ခေါ်တာ။ ပြီး....လှော်ကားတင်ကြီးကျောက်ဆိုတာရှိသေးတယ် ရတီ ချိန် (၄၀) ရှိတယ်။ လှော်ကားကျောက်တော်ကြီးနဲ့ဆက်ရလို့ လှော်ကားတင်ကြီးကျောက်ခေါ်တာ။ ကုန်းဘောင်မင်းလက်ထက် (၁၁၉၉) ခုနှစ်က မိုးကုတ်ကျောက် တွင်းကရတာ ”

“ကုန်ရောလားဗျာ”

“ငါ့လူတို့က စိတ်ဝင်စားလို့လား”

“အင်း....”

“အေး.....ဒါဆို ဖင်ခေါင်းကျယ်ပြရသေးသပေါ့ကွ။

အပေါ်ပေါ့ရှိသေးကွ…ဆင်မတော် ကျောက်တဲ့။ အလေးချိန် ရတီ (၄၀)ကျော်ပဲဟ။ ဘုရင့်ဆင်မတော်ပေါ်တင်ပြီးဆက်ရလို့ ဆင်မတော် ကျောက်ခေါ်သကွ။

နောက် စံကျောက်တော်ဆိုတာ ရှိသေးတယ်။ အလေးချိန် (၆)ရတီပဲရှိပေမဲ့ အရည်အသွေး ကောင်းလွန်းလို့ ရှေးမြန်မာမင်းများလက်ထက်မှာ စံပြုစံနှုန်းထားကျောက်အဖြစ် အလေးအနက် ထားရတဲ့ ကျောက်ပေါ့ကွာ။ ပြောရရင် အများကြီးပဲ။ နဂါးမိုလ်ကျောက်၊ ကြိုးကျောက်၊ မောက်ကြီးစုံ လို့စုံလို့”

“အခု အဲဒါတွေ ဘယ်မှာလဲ ဘကြီးရ”

“ဟိုကောင်လေကွာ…”

“ဘယ်သူတုံး…..ဘကျားတို့အုပ်စုလားဗျ”

“မင်းအမေကလွှား…..ဘကျားတို့ အုပ်စုကမှားလား။ ဟိုကောင်လူအယုတ်တမာ အင်္ဂလိပ် နယ်ချဲ့ ကာနယ်စလေဒင်တို့အုပ်စုပေ့ါ။ သီပေါမင်းရဲ့ မန္တလေးရတနာပုံနေပြည်တော်ကြီးကို အတင်း အဓမ္မလက်ရသိမ်းပြီးရော မင်းမိဖုရားနှစ်ပါးပိုင် အစုစု နန်းစဥ်ရတနာတွေ ရတနာသိခ်ကုန်းဘောင်မြို့ နန်းတည် အလောင်းမင်းတရားကြီးကစပြီး ရတနာပုံမြို့နန်းတည် မင်းတုန်းမင်းတရားကြီးအထိ မင်းမိ ဖုရားရွှေရုပ်တုပေါင်း (၁၇) ခုအပါအဝင် အားလုံးကို အင်္ဂလန်နိုင်ငံ အကုန်သယ်သွားတာ။

ထွီ….ကိုယ့်ပစ္စည်းမဟုတ်ဘဲ သူများပစ္စည်းကို လက်နက်အားထားနဲ့ အဓမ္မသိမ်းယူတာဟာ စစ်နိုင်တယ်လို့မခေါ်ဘူး။ အကြီးစားဓားပြတိုက်တယ်လို့ခေါ်တယ်။ တောက်….အဲဒီ အချိန်တုန်းက ငါမမွေးသေးလို့ပေ့ါကွာ။ ဟင်း….ငါများရှိနေရင်လား….ငှက်ကြီးတောင်ဓားနဲ့ ဝင်ပိုင်းပြီးပြန်လုမှာကွ”

ကြည့်…..အကောင်းပြောရာကနေ ဖောက်ချည်က ဝင်ချင်နေပြီ။

"ဒါဆို ဘကြီးလက်ထဲက ပတ္တမြားကရော ဘယ်လောက်တန်သလဲဗျ"

"ဒီကျောက်လား"

"ဟုတ်တာပေ့ါဗျာ"

"ဒီကျောက်ကို ဟိုလူလွန်မသား ကာနယ်စလေဒင်မတွေ့လို့။ တွေ့များတွေ့ရင် သူ့နှမနဲ့ ရော၊ သူ့မိန်းမနဲ့ရော လဲချင်လဲမှာ"

"ဟား.....ဟား......ဟား......ဟား...."

"ဟီး.....ဟီး......ဟီး.....ဟီး...."

"တန်ဖိုးမနည်းဘူးပဲဗျ"

"ကျွန်တော်တို့ ရောင်းမလားဘကြီး"

"မင်းက ဘယ်လောက်ပေးနိုင်လို့တုံး"

"သုံးကျပ်နဲ့ ပြားလေးဆယ်"

".......သားတွေ၊ သေဟ......သေဟ"

ပန်းရန်ကျောက်က သို့ကလိုပြောရော သူ့ထုံးကျောက်လုံးကြီးကိုပစ်ချပြီး အနီးရှိ အုတ်ပိုင်းကျိုး နဲ့လိုက်ပစ်လို့ ငကျောက်တို့ လူပြောင်လူနောက် ပန်းရန်အုပ်စု လူစုခွဲပြီးပြေးလိုက်ရတာ လျှာကို ထွက် နေတာပဲတဲ့။

*

## (၃)

တစ်နေ့လည်းကျရော အရူးလို့ထင်ရသည့် လူကြီးကို

ဒုတိယအကြိမ်မြောက် အလေးအနက်ပြု ရမည့်ကိစ္စရပ်တစ်ရပ် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့ရတယ်။

ပန်းရန်ရွက်၊ အုတ်ရွက်နေသည့် မိန်းကလေးအုပ်စုထဲက မိပန်းစုံဆိုတဲ့ကောင်မလေးရယ် အုတ်ပုံထဲက အုတ်ခဲကိုလှမ်းယူရင်း အုတ်ပုံကြားကနေ မြွေကိုက်လိုက်တာ....

"အား......အား....."

"အမယ်လေး.....လာကြပါဦး"

"ဟဲ့.....ဟဲ့....ပန်းစုံ......ပန်စုံ......ဘာဖြစ်လို့တုံး"

"မြွေ...မြွေ.....ကိုက်......ကိုက်.....အား...."

"ဟ.....ဟ.....လုပ်ကြပါဦး၊ လာကြပါဦး ပန်းစုံကို ပိုးထိလို့"

အုတ်သယ်မိန်းမများရဲ့ အလန့်တကြားအော်သံကြားရော ပန်းရန်သမားတွေပြေးလာပြီး ပန်းစုံ ကို ပွေ့သူကပွေ့၊ မြွေကိုရှာပြီး ရိုက်သူကရိုက်။

"ပန်းစုံ.....ပန်းစုံ...."

"ပန်းစုံ....အကြောဆွဲပြီး မျက်ဖြူလန်နေပြီ"

"ဆေးရုံကိုအမြန်ပို့ဖို့ မြင်းလှည်းသွားခေါ်ကြဟေ့"

"ပန်းစုံ.....ပန်းစုံ....."

ပန်းစုံ ခေါ်လို့မရတော့ဘူး၊ အကြောဆွဲနေပြီ။ ဒီအချိန်မှာပဲ ဇရပ်ပျက်ပေါ်မှာနေသည့် အရူးလို လူကြီး ရောက်ချလာတာ။

"ဘာဖြစ်လို့လဲဟေ့"

"မြွေ......မြွေ...."

"ရှူး.....တိုးတိုး.....ဘကြီး......ဟို....ဟို....ပိုး......ပိုးထိလို့ဗျ"

"မြွေကိုက်တာပေ့ါ"

"ရှူး.....ဘကြီး၊ ပိုးထိတယ်လို့ပြောပါဗျ။ တော်ကြာ...."

"တော်ကြာ.....ဘာဖြစ်လဲကွ၊ လုပ်ပါဦး"

"အပမှီနေမယ်ဗျ။ ဒီနေရာက မြေကြမ်းတယ်"

"နေပါဦး မြေကြမ်းရအောင် မြေကြီးက ခါးလို့ ဖန်လို့လား။ ဟစိဟစိဖြစ်နေလို့လား။ ဒါမှမဟုတ် မြေကြီးက တုန်ခါနေလို့လား"

"ဒုက္ခပါပဲ။ ဟေ့.....မြင်းလှည်းသမား မလာသေးဘူးလား"

"သွားခေါ်နေတာပဲတော်၊ ကြာလိုက်တာ"

"ဟေ့ကောင်တွေ......ဖယ်.....ငါကုမယ်"

အရူးလိုလူကြီးက မြွေကိုက်ခံရသူကိုကြည့်ပြီး ပြောလိုက်ရော....

"ခင်ဗျားကစိတ်မနှံ့ပဲနဲ့များဗျာ။ ကုတတ်လို့လား"

"အေး...."

"ခင်ဗျား......မြွေဆေးအကြောင်းသိလို့လား"

"အေး...."

"ဟုတ်မှလုပ်ပါဗျာ"

"အေး.....အေး.....ဟုတ်လို့ လုပ်မှာပါ။ ဖယ်စမ်း"

ဒီမှာပဲ အရူးလိုလူကြီးဟာ ကွမ်းထုပ်ကြီးကိုဖြေချပြီး ထုံးဘူးထဲက ထုံးတစ်ကော်ကို လက်ညှိုးနဲ့ ကောက်ယူလို့ ခန္ဓသုတ်ပရိတ်ကို ရွတ်လိုက်တယ်။

ပြီး.......လက်ညှိုးပေါ်ကထုံးနဲ့ မြွေကိုက်အစွယ်နေရာဝန်းကျင်ကို ဂ

လုံးပုံဝိုင်းလိုက်ပြီး ခန္ဓ သုတ်တစ်လှည့်၊ မေတ္တာသုတ်တစ်လှည့် ရွတ်ရွတ်ပြီး သူ့ညာလက်နဲ့ ဒဏ်ရာပေါ်ကနေ သပ်ချဖိချပစ် လိုက်တာကြည့်စမ်း….

သွေးညှိုသွေးမည်းတွေ အစွယ်ရာနှစ်ပေါက်ကနေ ပြန်စီးကျလာတာကို အားလုံး အံ့သြဖွယ် မြင်လိုက်ပါရောဗျာ။

“ဟာ…..”

“တယ်ဟုတ်ပါလားဟေ့”

သည့်နောက် လူကြီးက ကွမ်းရွက်တစ်ရွက်ပေါ်မှာ ထုံးနဲ့ (ဂ)လုံးပုံရေးပြီး လက်ဝါးရိုက်လို့ မြွေ ကိုက်ခံရသူပန်းစုံရဲ့ စေ့နေသည့်ပါးစပ်ကိုအရဖြဲပြီး ကွမ်းရွက်ဝင်အောင် ထည့်လိုက်တယ်။

ပြီး….ပရိတ်ကိုရွတ်လို့ ရင်ဂကနေ အောက်ကိုသပ်သပ်ချလိုက်တာ ဘာကြာလဲဗျာ။ ခပ်ကြည် ကြည်အရည်တွေ ဒဏ်ရာအဂက ကျလာပြီးနောက် ပန်းစုံ လူးလွန့်လာပါရောလားဗျို့။

“လွန့်လာပြီဟေ့”

“ပန်းစုံ….ပန်းစုံ….”

“ပန်းစုံ…..ပန်းစုံ…”

“အင်း…..ဟင်း…..ဟင်း….”

“အင်း…..ဟင်း….ဟင်း…..ရေ…..ရေ….”

“ရေတဲ့ဟဲ့”

“ရေမတိုက်နဲ့”

“ဗျာ….”

“မြွေကိုက်ရင် ရေမတိုက်နဲ့။ ဟဲ့ကလေးမ…..ပါးစပ်ထဲက ကွမ်းရွာက်ကို

ဝါးစားလိုက်စမ်း၊ ဝါး စားလိုက်စမ်း”

ပန်းစုံဟာ ရင်ဘက်ကြီး ဖားဖိုလိုမောက်နေရာကနေ ကွမ်းရွက်ကိုဝါးစားနေလိုက်တယ်။

“မှိုချ….အရည်မှိုချ”

ပန်းစုံက မျက်စိမှိတ်လျက်နဲ့ ကွမ်းရွက်ရည်ကို မှိုမှိုချတယ်။ ကွမ်းရွက်လည်းကုန်ရော ပန်းစုံထ ထိုင်ပြီး ခြေရောလက်ပါ လှုပ်လို့ရလေရာ။

အိုဗျာ…..ပန်းရန်သမားအုပ်စုရော၊ ဘုရားလူကြီးတွေပါ ဝမ်းသာလို့မဆုံးဘူး။

“ဒါ….ဒါ…..ဟို….အရှူးဘကြီး၊ အဲ…..အဲ…..ဟိုဘကြီး ကောင်းလို့ဟေ့”

“ဆေးဆရာများလားမသိဘူးနော်”

“ဗိန္ဓော ပယောဂများ တတ်သလားမသိဘူး”

“ဟေ့….ဟေ့…..မြင်းလှည်းရောက်လာပြီဟေ့။ ဆေးရုံခေါ်သွားဦးမှ ကောင်းမယ်”

“ဟုတ်တယ် မြွေသေကိုပါ ပြရအောင်ယူခဲ့”

သည့်နောက် ပန်းရန်သမားအုပ်စုက မြွေကိုက်ခံရပြီး မသေကောင်းမပျောက်ကောင်း ပြန်သတိ ရလာသူ ပန်းရန်ကောင်မလေးကို ပွေ့ချီတွဲလို့ မြင်းလှည်းပေါ်ကိုတင်ပြီး မြို့ဆေးရုံရှိရာကို သွားခဲ့ ကြတယ်။

အရူးလိုလူကြီးက တရွေ့ရွေ့သွားနေသည့်လူနာတင်မြင်းလှည်းကိုကြည့်ပြီး မေတ္တာသုတ်ကို ရွတ်နေလိုက်တယ်။ သည့်နောက် သူနေထိုင်ရာဇရပ်ပျက်လေးရှိရာကို ပြန်လာပြီး ဇရပ်တိုင်တွေကို ထုံးနဲ့ ဂလုံးပုံလိုက်တို့ရေးပြီး သမ္ဗုဒ္ဓေဂါထာကို အဆက်မပြတ် ရွတ်နေလိုက်လေရဲ့။

နောက်တစ်နာရီလောက်နေတော့ ပန်းရန်သမားအုပ်စု ဂမ်းသာအားရအော်သံများနဲ့ ပြန် ရောက်လာကြတယ်။

"ဗျို့....အဘ.....ဘကြီး..."

"ဘကြီး.....ဗျို့....ဘကြီး..."

ဒီအချိန်မှာ အရူးလိုလိုလူကြီးက ဇရပ်တိုင်တွေကို ထုံးနဲ့ဂလုံးလိုက်ရေးကွင်းပြီးနောက် ဇရပ်ရဲ့ ပျဉ်းနံရံအပျက်များမှာ ထုံးဂလုံးတွေ လိုက်ကွင်းရေးရင်းက မသိမသာ လှည့်ကြည့်လိုက်တယ်။

"ဗျို့....ဘကြီး"

"နားလေးသလား မသိပါဘူးဗျာ"

"မထုံတက်သေး လုပ်နေတာကွ၊ နားကြားတယ်"

ဒါနဲ့ ပန်းရန်ဆရာကျောက်က အသံကုန်ဟစ်လိုက်ပါရော။

"ဗျိုး....ထုံး.....ဂလုံး....ဘကြီး"

"ဘာတုံး.....ဘာ......တုံး"

"ဟူး.....ခေါ်ရ အော်ရလွန်းလို့ အသက်ထွက်တော့မယ်ဗျာ"

"မြန်မြန်ထွက်လေကောင်းလေပဲ....ငါ့လူ၊ ဒီမှာစာရေးနေတာမမြင်ဘူးလား။ စိတ်ကူးပျက် အောင် ဘာလို့ ကျွဲအော်သံ၊ နွားလားဥသဘမယားငယ်သားအော်သံ၊ ဆဒ္ဒန်ဆင်မင်းရဲ့ ယောက်ဖသုံး ဂမ်းကွဲဆင်ဂီလာနအော်သံတွေနဲ့ အနှောင့်အယှက်ပေးနေရတာ လဲကွ"

သူက ထုံးပေလက်ညှိုးကြီးထိုးပြီး ရန်တွေ့လို့။

"နေပါဦး......ခင်ဗျားက ဘာတွေရေးနေလို့လဲ"

"ကျမ်းပြုနေတာ"

“ဘုရားရေ….ဒါ ကျမ်းပြုနေတာ”

“အင်း…..အင်း…….ဟုတ်တယ်။ ပါဠိလို ရေးနေတာလေ။ မင်းတို့လို ဖွတ်ကျားတွေ နားလည်း မှာမဟုတ်ပါဘူး”

“ဟား……ဟား…….ဟား…..ဟား…”

“ဟီး…….ဟီး……ဟီး……ဟီး….”

“ဝါး…..ဟား…….ဟား……ဟား…..”

“အဟတ်……အဟတ်…..အဟတ်…..ဟော့……ဟော့…..ဟော့….”

အားလုံးသောပန်ရန်ဆရာများ မဆလာရွက်၊ အုတ်ရွက် ဆေးရုံကပြန်လာသူများဟာ အရူးလို လူကြီးရဲ့ ခပ်တည်တည်ပြောစကားကြောင့် ဝါးလုံးကွဲအော်ပြီးရယ်ကြတာ၊ တံတွေးသီး၊ ချောင်းဆိုးရင် ကျပ်ပါ ဖြစ်ကုန်ရော။

“ဒါ ကျမ်းပြုနေတာ”

“အေး…..”

“ဟား…….ဟား…….ဟား….ဟား…”

“ပါဠိလိုရေးတာ…..ဟုတ်လား”

“ရက် (စ်)”

“ဟား………ဟား……
ဟား…….ဟား……..ဟီး…….ဟီး…..ဟီး…..ဟီး……ဇရပ်တစ်ခုလုံး ဂလုံး တွေလျှောက်ရေးပြီး……ပါဠိလိုတဲ့။ ကိုင်း….ကိုင်း…….ထားပါတော့။ အင်း…… ရောဂါ…..ရောဂါ…ဒီမှာ ဗျ…..ဘကြီးကို ကျွန်တော်တို့ ဂမ်းသာအံ့သြစရာစကား ပြောစရှိလို့ဗျ”

“ဘာတုံး…..ငါ့ကို မိန်းမပေးစားဖို့စကားလားကွ……ဟေ”

“အလို……ဘကြီးက မိန်းမလိုချင်သေးတယ်”

ဒီမှာ သူက ပန်းရန်အုပ်စု မိန်းကလေးငါးယောက်ကို လှမ်းကြည့်လိုက်ပြီး…..

“ဖွီ…….မင်းတို့အုပ်စုထဲမှာ ရုပ်ရှင်မင်းသမီး ခင်သန်းနုတို့ နွဲ့နွဲ့မူတို့၊ ခင်စိုးပိုင်တို့လောက်ချော တဲ့၊ ဖြောင့်တဲ့အလှ တစ်ယောက်မှမပါဘူး အားလုံး ဘုန်းကြီးလူထွက် ( ဘ၊ က၊ လ၊ ထ) အကြိုက် လောက်ချည်းပဲ ငါကတော့ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ပဲ။ အဟတ်….”

“အံမယ်……အရူးကများတော်”

“အေးလေ……လူကြည့်တော့ သချႋုင်းကို ခေါင်းဝင်နေပြီ”

“ရှင့်လို အိုနာကျုအရူးကို ယူရမလား။ ဘုန်းကြီးလူထွက်သွားယူတာမှ….”

“ဟဲ့ကောင်မ…..တော်တော့။ ဘုန်းကြီးလူထွက်ယူရင် သက်သာမှာမဟုတ်ဘူး။ အရူးနဲ့ဖက်ပြီး ရန်ဖြစ်မနေနဲ့။ သူက ဘယ်လိုလူမှန်းသိတာမဟုတ်ဘူး။”

“ဒီမှာ ဘကြီးရ..”

“ပြော….”

“စောစောက ပိုးထိတဲ့မိန်းကလေးလေ….”

“အေး…..ဘာဖြစ်လဲ”

“ဆေးရုံကိုရောက်ရော….”

“အေး ဘာဖြစ်လဲ…”

“ဆရာဝန်တွေ စစ်ဆေးကြတော့….”

“အေး……ဘာဖြစ်လဲ၊ လျှာသိပ်မရှည်နဲ့။ ကျမ်းမပြီးသေးဘူး မြန်မြန်ပြော။ နာလန္ဒတက္ကသိုလ် အချိန်မီပို့ရမှာ…”

“ဆရာဝန်က သူမရဲ့ခန္ဓာကိုယ်မှာ မြွေဆိပ်မရှိဘူးတဲ့ခင်ဗျ”

“အေး…….အဲဒါဘာဖြစ်လဲ”

“ဒါနဲ့ ဆရာဝန်ကမေးတယ်။ မြွေဟောက်ကိုက်ပြီး အဆိပ်မတတ်တာ ဒီတစ်ယောက်ပဲ မြင်ဖူး သေးတယ်တဲ့ဗျ”

“အေး……အဲဒါ ဘာဖြစ်လဲ…”

“ဒီမှာ ဆရာဝန်ကြီးက မေးတယ်ဗျ၊ မြွေကိုက်အစွယ်ရာပေါ်က ဂလုံးက ဘာလုပ်တာတုံးတဲ့”

“မင်းက ဘာပြောတုံး”

“မြွေကိုက်လို့ အကြောဆွဲ၊ စကားမေးမရဖြစ်နေတုန်း ဇရပ်ပျက်ပေါ်က အရူးလိုလို၊ အကောင်း လိုလို လူကြီးတစ်ဦးက ဒဏ်ရာပေါ်ကို ထုံးနဲ့ကွင်းဝိုင်းပြီး မန္တန်ပရိတ်များရွတ်တာလို့ ပြောလိုက်ရော…”

“ဟိုအကောင်တွေက ဘာပြောတုံး”

“ဟုတ်လားဆိုပြီး အံ့ဩကုန်ကြရော၊ ဒါနဲ့ ဘကြီးရဲ့နာမည်ကို ဝိုင်းမေးကြတယ်…”

“မင်းက ဘာပြောလိုက်တုံး”

“ဘကြီးနာမည်မှ ကျွန်တော်တို့က မသိပဲ။ အရူးလိုလူကြီးပဲလို့ပြောလိုက်တာပေါ့”

“ဖွီ….”

ဒီလိုပြောလိုက်ရော၊ အရူးလိုလူကြီးက ပန်းရန်ငကျောက်ကိုကြည့်ပြီး ‘ဖွီ’

လို့လုပ်ပါရော။

“ဘာဖြစ်လို့လဲ ဘကြီး”

“ကျော်ဟိန်းလို့ပြောလိုက်ရင် မင်းကို မြွေကိုက်မှာမို့လို့လား”

“ဗျာ.....”

******

**(၄)**

ပြောရရင်.....အဲဒီ နေ့၊ အဲဒီ အဖြစ်အပျက်နှစ်ခုကစပြီး အရူးလိုလူကြီးရဲ့ ဂုဏ်သတင်း ဒီမြို့ဒီအ အရပ်မှာ နာမည်ကြီးသွားတယ်။

ဒါနဲ့အတူ....

အရူးလိုလူကြီးရဲ့ ထူးခြားတဲ့ အပြုအမူများကိုလည်း အနီးဝန်းကျင်ရှိလူများက သတိပြုမိလာ ကြလေရဲ့ခင်ဗျ။

လူကြီးဟာ သစ်ပင်အချို့ရဲ့ ပင်စည်များကို ထုံးနဲ့ (၀) လုံးတွေလိုက်ကွင်းနေတယ်။ မြို့ထဲကို သွားရင်းလာရင်းကလည်း သူစိတ်ဝင်စားတဲ့ သစ်ပင်ကိုမြင်ရင်.....

ပထမ သစ်ပင်ကိုစကားပြောတယ်။

“နေကောင်းရဲ့လား”

ကြည့်.....သစ်ပင်ကိုကြည့်ပြီးပြောနေတာ။ သူပြောနေတဲ့သစ်ပင်က ညောင်ပင်ကြီး။ ဒီလိုမေး တော့ သစ်ပင်ဥစ္စာ ဘာပြန်ပြောမှာလဲလို့ ကလေးတွေကြည့်ပြီး ရယ်ကြရော။

“ကျုပ်လည်း ဒီမြို့ကို ခဏလာတာပါ”

“ကြုံတုန်း မိတ်ဖြစ်ဆွေဖြစ် ဘုတ်အုပ်မှာ ကျုပ်လက်မှတ်လေးထိုးပါရစေဗျာ နော်”

တစ်ယောက်တည်း အဲဒီ လိုပြောပြီးနောက် ထုံးဘူးကြီးဖွင့်ပြီး ထုံးတစ်ကော်ကော်ပြီး....ညောင် ပင်ကြီးရဲ့ပင်စည်ပေါ်မှာ (ဂ)လုံးကြီးကြီးတစ်လုံး ဝိုင်းစက်နေအောင် ရေးလိုက်တာပါပဲ။

“သွားမယ်နော်.....နောင်ကြုံလည်း ခေါ်ဗျာ။ အဟဲ....ဟဲ ဟဲ....”

အဲဒီ လိုပြောပြီး ထွက်သွားရော။ အဲဒါ တစ်မြို့လုံးလျှောက်သွားပြီး သူဓာတ်ကျတဲ့ ညောင်ပင်၊ ကုက္ကိုပင်၊ သူများအိမ်ရှေ့ခြံစည်းရိုးတံခါးဘုန်းကြီးကျောင်းဝင်းတံခါး၊ နွားလှည်း၊ မြင်းလှည်း၊ စိတ်ကူး ရသမျှ သူစိတ်ဝင်စားသမျှနေရာ သစ်ပင်များကို ထုံးနဲ့ (ဂ) လုံ လိုက်ကွင်းရေးနေတာ။

နောက်ဆုံး မြို့ထဲကလူတော်တော်များများက အရူးလိုလူကြီးကို နာမည်တစ်ခုပေးလိုက်ကြ တယ်။

“ဦးဂလုံး.....တဲ့”

တစ်ခါတော့ဗျာ.....ဒေါ်ဒေစီမြင့်ဆိုတဲ့ မုဆိုးမကြီးတိုက်ရဲ့ ခြံဂုအုတ်တိုင်တစ်ဖက်မှာ သွားပြီး ထုံးကွင်းတာ အဲဒါ သူဌေးမကြီးဒေါ်ဒေစီမြင့်ကားနဲ့ပြန်လာရင်း မြင်သွားတာပေ့ါ။

ဒေါ်ပွပြီး ကားပေါ်ကနေ ဆင်းလာပါရောဗျာ။

“ဒီမှာ....အဘိုးကြီး”

ဦးဂလုံးက မကြားဘူး။ သူကွင်းရေးထားတဲ့ (ဂ) လုံးပေါ်ကို ထုံးထပ်ဖြည့်ပြီး ဝိုင်းနေအောင်လုပ် နေတယ်။

“အဘိုးကြီး….”

ဒေါ်ဒေစီမြင့်က အသံကုန်အော်ဟစ်ရင်းကနေ ဦးဂလုံးကို တွန်းပစ်လိုက်တာ ဦးဂလုံး ချာလည် ထွက်သွားတာပဲ။

“ရှင်…..ဒါ ဘာလုပ်တာလဲ”

“ဂလုံးရေး…..ရေး……ပေးနေတာပါဗျာ”

“တော်က ဘာကိစ္စနဲ့ ကျုပ်ရဲ့အုတ်ရိုးတိုင်ကို ညစ်ပေရုပ်ပျက်အောင် လုပ်တာတုံး….ပြော…ဒါ. ရှင့်ကို ဘယ်သူလုပ်ခိုင်းတာလဲ”

“ဘယ်သူမှမခိုင်းပါဘူး ကျုပ်သဘောနဲ့ကျုပ် ရေးတာပါ။ တစ်မြို့လုံး လိုက်ရေးနေတာပါ။ အဝင်ကောင်းအောင်လို့ပါ။”

“ရှင်……ဘာကောင်လဲ”

“နာဋ္ဌာဂီရီဆင်ပါ”

“ဘာ……ရှင်က လူကိုများ ပြောင်ချော်ချော် မခန့်လေးစားနဲ့ အခု ဖျက်လိုက်။ ဖျက်လေ…”

“မဖျက်ပါရစေနဲ့ဗျာ”

“ဖျက်…..ခု……ဖျက်”

သူဌေးမကြီး ဒေါ်ဒေစီမြင့်က ခါးထောက်ပြီး ဒေါနဲ့မောနဲ့အော် ဦးဂလုံးက တောင်းပန်။

“ရှင်ရေးတဲ့ဟာကို ရှင်ဘာလို့မဖျက်ရတာ လဲ”

“ခင်ဗျား ကံကောင်းအောင်လို့ပါ”

“ရှင့်လိုအရူးလိုလို အနှမ်းလိုလိုလူရေးတဲ့ (ဂ) လုံးက ကျုပ်ကိုကံကောင်းစရာအကြောင်း ဘာမှမရှိဘူး။ မဖျက်ရင် ရှင့်ကို

ဟောဒါနဲ့ရိုက်မယ်”

ဒေါ်ဒေစီမြင့်က ပြောရင်းကနေ ကားတံခါးကိုဆွဲဖွင့်ပြီး မူလီကျပ်တဲ့ ကဏန်းလက်မခွကိုယူလို့ ရိုက်မလို့ရွယ်ရော…

“ခင်ဗျား တကယ်ရိုက်မှာလားဟင်”

“ဖျက်……မဖျက်ရင် ရိုက်မှာပဲ”

“ခင်ဗျာ….ကံကောင်း….”

“မလိုဘူး…..ခုဖျက်”

ဒါနဲ့ ဦးဂလုံးကြီးဟာ သူရေးထားသည့် ထုံးဂလုံးစာလုံးကို တုတ်ကျိုးတစ်ချောင်းနှင့် ခြစ်ဖျက်ပြီး နောက် သူ့လွယ်အိတ်ပခုံးကြိုးနဲ့ ပွတ်တိုက်လို့ ပြောင်နေအောင် ဖျက်ပေးလိုက်ပြီး…

“မင်းတယ်ညံ့တဲ့မိန်းကလေးပဲ”

“ဖွီ……နောက်ကို ရှင် ဒီခြံရှေ့လာစရာမလိုဘူး။ နောက်တစ်ခါ ဒါမျိုးလာရေးရင် အင်းခွေးနဲ့ လွှတ်ကိုက်ခိုင်းမယ်။ သွား….သွားလေ”

ဒီလိုလည်းနှင်ရော…..အရူးလိုလူကြီးဦးဂလုံးက သူဌေးမကြီး ဒေါ်ဒေစီမြင့်ကို လေးစားစွာဦး ညွတ်ပြီး ထွက်သွားတယ်။ သွားရင်းကနေ နောက်ပြန်လှည့်ကြည့်ပြီး သီချင်းတစ်ပုဒ်ကို အသံကျယ် ကြီးနဲ့ အော်ဆိုလိုက်လေရဲ့။

“ဆင်းရဲခြင်းလွတ်ကင်းအောင်…..လမ်းပြဆောင်ပါမည် ရတနာခုနစ်
တကယ်ပင် စုံညီ တို့အမျိုးသားတိုင်းပြည် မွဲတဲ့လူ
လှူဒါန်းနိုင်မည် ကျောင်းဆောက်ကာ ဘုရားတည် ဘိုးဘိုးအောင်နဲ့
ရှင်အဇ္ဇဂေါဏတို့ မ တဲ့ကိန်းဆိုက်မည် ”

ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်လူမွဲတေက မနေးခေတ်မီ သူဌေး ဖြစ်တော့မည်

ဦးဂလုံးဟာ နဂါးနီ သီချင်းကို အားရပါးရ အော်ဟစ်သီဆိုပြီး ရပ်ကွက်တစ်ခုထဲသို့ ဝင်သွား တယ်။

ဒီမှာ တဲအိမ်လို အိမ်လေးတစ်ခုရဲ့ခြံဂကိုရောက်သွားပြီး ခြံဂကနေခါးထောက်လို့ အထဲကို ရပ်ကြည့်နေလိုက်တယ်။

ဒီမှာ ယောထမီရင်ရှားနဲ့ တံမြက်စည်းလှည်းနေသည့် အသက် (၆ဂ) အရွယ်အဘွားအိုတစ်ဦး တွေ့သွားပြီး....

"မောင်ကြီး......ဘာအလိုရှိလို့လဲ"

ဘာမှျပြန်မပြောဘူး။ ဆံဖြူခါးကုန်းနေသည့် မိန်းမကြီးကိုပဲ စိုက်ကြည့်နေတယ်။

"ပိုက်ဆံလိုလို့လား၊ စားစရာလိုလို့လား မောင်ကြီး"

ဦးဂလုံးက ဘာမှျပြန်မပြောဘူး။ မိန်းမကြီးရဲ့မျက်နှာကိုပဲ စိုက်ကြည့်နေဆဲ။

"အင်း....နားလည်းမကြားဘူးနဲ့တူပါရဲ့။ ခဏနေဦး"

သို့ကလိုပြောပြီး တံမြက်စည်းကို မြေပြင်မှာခဏချလို့ တဲစုတ်အိမ်လေးပေါ် ကုန်းကုန်းကုန်း ကုန်းနဲ့တက်သွားပြီး ငှက်ပျောသီးသုံးလုံးကို ယူလာလိုက်တယ်။

"ကျွန်မတို့လည်း ဆင်းရဲပါတယ်မောင်ကြီးရယ်။ ပိုက်ဆံတော့ပေးစရာမရှိပါဘူး။ ရော့...ဒါ မောင်ကြီး သွားရင်းလာရင်း လမ်းမှာမောရင် စားဖို့ ငှက်ပျောသီး"

မိန်းမအိုးကြီးက ငှက်ပျောသီးသုံးလုံးကို ပေးလိုက်တော့ ဦးဂလုံးက လိုလိုလားလားလှမ်းယူပြီး သူ့လွယ်အိတ်ထဲကို နှစ်လုံးထည့်၊ တစ်လုံးကို ချက်ချင်းအခွံနွှာလို့ စားပစ်လိုက်လေရဲ့။

"ရေသောက်ဦးမလား မောင်ကြီး"

"ဟင့်အင်း"

"ဘယ်မှာနေသတုံး"

"မသိဘူး"

"နာမည်ရော ဘယ်လိုခေါ်သတုံး"

"မသိဘူး"

"သားမယားမရှိဘူးလား"

"မသိဘူး"

"မသိလည်း မမေးတော့ပါဘူးတော်"

ဒီမှာပဲ အရူးကြီးဦးဂလုံးက အဘွားကြီးရဲ့ခြံထဲရှိ သစ်ပင်တစ်ပင် (ရွှတ်လှပင်) က အရွက်တစ် ရွက်ကိုခူးပြီး အရွက်ပေါ်မှာ ထုံးနဲ့ (ဂ)လုံးတစ်လုံးရေးလို့ အဘွားကြီးကို ပေးလိုက်ရော…

"ရော့…."

"ဒါက ဘာတုံး"

"သိမ်းထား…….၊ မိုးလင်းရင် (ဝေနေယျသတ္တဝါအားလုံး ကျန်းမာချမ်းသာပါစေ) လို့ နေ့တိုင်း ဆုတောင်း။ သွားမယ်"

"ဟုတ်ကဲ့တော်…..ဟုတ်ကဲ့။ နောင်ကြုံးလည်း ဝင်ခဲ့ပါတော်။ ရှိတာတော့ ဖွဲ့ဝေကျွေးပ့ါမယ် မောင်ကြီးရယ်"

ဦးဂလုံးက ဘာမျှပြန်မပြောဘူး။ အမယ်ကြီးဒေါ်မြို့ဇာက အရူးလိုလို၊ အလှူခံလိုလိုလူပေးသွား တဲ့ ရွက်လှရွက်လေးကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေလိုက်လေရဲ့။

*

# (၅)

တိုက်ဆိုင်ပုံလို့ ပြောရမလား၊ ကံကံ၏
အကျိုးသက်ရောက်မှုလို့ဆိုရမလား။

အကုသိုလ်ကံ ကုသိုလ်ကံရဲ့ အကျိုးပေးလို့ ပြောရမလားမသိဘူး။

မုဆိုးမလည်း မုဆိုးမ၊ သူဌေးလည်း သူဌေးဖြစ်တဲ့ ဒေါ်ဒေစီမြင့်အိမ်
သူခိုးဖောက်သွားပါရော။

သူခိုးက ခေါင်းရင်းတံခါးမှန်ကို စိန်လွန်နဲ့ဖြတ်ဖောက်ဝင်ပြီး
ရှိသမျှရွှေငွေအားလုံး ခိုးသွားတာ။

မိုးလင်းလို့ မသိသေးဘူး။

ထမင်းချက်မိန်းမကြီး အိမ်ရှေ့က ဘဲ(လ်)တီးမှနိုးတယ်။

ပြီး.....ရေမိုးချိုးလို့ သူ့လုပ်ငန်းရှိရာပွဲရုံကိုသွားမလို့ အလှပြင်ပြီး
အဝတ်ဘီရိုကို ကြည့်လိုက်ရော ဟော.....ဘီရိုတံခါးပွင့်လို့။

မနေ့ညနေက သော့ခတ်ထားတာတဲ့။

ရင်ထဲ ထိတ်ခနဲဖြစ်သွားပါရော။ဘီရိုအံဆွဲများကို
အမြန်စစ်ဆေးလိုက်ရော ကုန်ပါပြီတော်။ ချုံးပွဲချပြီး ငိုရတော့တာပဲ။

သူ့လင် ကိုသူတော်မသေခင်က ရှာပေးထားတဲ့ ရွှေတွေရော၊
သူရှာလို့ရတဲ့ငွေတွေရော အကုန်ပါသွားပြီး ရင်ထုပြီး ငိုလိုက်ရတာ ရယ် နောက်နေ့၊

ရင်ဘတ်တွေနာလို့ ထမင်းမစားနိုင်ဘူး။

နောက်ဆုံး ရဲစခန်းကို တိုင်ချက်ဖွင့်ရတယ်။ ရဲအမှုထမ်းများရောက်လာလို့ စစ်ဆေးလိုက်တော့ ခေါင်းရင်းမှန်ကို စိတ်လွှန်နဲ့ဝိုင်းဖြတ် ချက်ဖြုတ်ပြီး ဝင်ခိုးသွားတာ။

ကြမ်းခင်းပေါ်မှာ ရာဘာရှူးဖိနပ်ခြေရာ အထင်းသားကျန်နေတယ်။ ဒါ အဆင့်မြင့်ဖောက် ထွင်း သမားရဲ့လက်ရာ။

ဒါနဲ့ ဒုရဲအုပ်က မေးတာပေါ့။

“အစ်မကြီးအိမ်ကို ဘယ်သူအဝင်အထွက်ရှိသလဲ”

“ထမင်းချက် ဒေါ်သန်းပဲရှိပါတယ်”

“ပြီးတော့ရော…”

“သုံးရက်တစ်ခါခြံလာရှင်းတဲ့….မာလီဖုန်းမိုရှိတယ်”

“ဒီအတောအတွင်း ဒီအိမ်ကိုဘယ်သူလာသေးသလဲ”

“မရှိ….အဲ….အဲ…”

“ပြောပါ အစ်မကြီး ရှိရင်ပြောပါ”

“ပြီးခဲ့တဲ့အပတ်က အရူးလိုလို၊ သူတောင်းစားလိုလို လူကြီးတစ်ဦးခြံဂိတ်တိုင်းကို ထုံးနဲ့ စာ လာရေးတယ်”

“ဘယ်လို စာရေးလို့လဲ အစ်မကြီး”

“(ဂ) လုံး”

“ဒါပဲလား”

“ဟုတ်ကဲ့…..ရှင့်…..အင့်…..ဟီး”

"ကျွန်တော်တို့အားလုံးကို ခေါ်ယူမေးမြန်းစစ်ဆေးပြီး လိုအပ်သလို ဆောင်ရွက်သွားပါ့မယ်ခင်ဗျာ"

အဲဒါ ရဲအဖွဲ့က မာလီဖုန်းမိုနဲ့ ထမင်းချက်ဒေါ်သန်းတို့ကိုခေါ်ပြီး အမျိုးမျိုးစစ်ဆေးမေးမြန်းပေ မဲ့ သူတို့လုပ်တာမဟုတ်ဘူးဆိုတာကို သိရှိခဲ့ကြတယ်။

နောက်ဆုံးအရူးလိုလူကြီးကို ခေါ်ယူစစ်ဆေးလိုက်တော့လည်း ဘာမျှမေးလို့မရဘူး။ မသိဘူး ချည်ဖြေတယ်။ အရူးလိုလူကြီးရဲ့ လွယ်အိတ်ကိုစစ်ဆေးလိုက်တော့ အတာအိုးလောက်ရှိတဲ့ ထုံး ကျောက်တုံးအလုံးတစ်လုံးနဲ့ ကွမ်းသီးထုံးဘူးအကြီးကြီးတစ်ခုပဲ တွေ့ရတယ်။

အိမ်မရှိ၊ ရာမရှိ၊ နာမည်မသိ၊ ကိုယ့်အသက်ကိုမသိတဲ့ စိတ်မနှံ့သူကို သူခိုးလို့စွပ်စွဲဖို့က သက်သေခံအထောက်အထား ဘာမျှမရှိဘူးလေ။

သည်နောက် နာမည်ပျက်ရှိသူ ဖောက်ထွင်းဝိဇ္ဇာစာရင်းကို လှန်ကြည့်လိုက်ကြတယ်။

ဓားညွန့်။

လက်ပြတ်တင်။

စတီး(လ်) လက်ကောက် ငချွတ်။

ဂျိုင်းနဲ့ ဓားမကြီး.....။သူတို့ငါးဦးကိုခေါ်တော့ ငဂျိုင်းပျောက်နေတယ်။ ငဂျိုင်းရဲ့နောက်ကြောင်း ရာဇဝင်မှာ ဒီကောင်က ဖောက်ထွင်းဝိဇ္ဇာအဓိပတိပဲ။ ဒီကောင်ပျောက်နေတယ်။ လိုက်ကြရဦးမပေါ့။

ငဂျိုင်းအိမ်ကိုသွားရှာတော့ ငဂျိုင်းမရှိဘူး။ ဒါပေမဲ့ ငဂျိုင်းရဲ့ဖိနပ်စင်ကနေ ရှူးဖိနပ်တစ်ရန်တွေ့ လို့ သက်ဆိုင်ရာပညာရှင်များနဲ့ စစ်ဆေးလိုက်ရာ ဒီရှူးဖိနပ်က ဒေါ်ဒေစီမြင့်ရဲ့ အိမ်ကြမ်းပြင်မှာကျန် ရစ်တဲ့ ဖိနပ်ခြေရာနဲ့ တစ်ထပ်တည်းဖြစ်နေတယ်။

ဒါဆို ငကျိုင်းဘယ်မှာလဲ။

တစ်မျိုးလုံး ပိုက်စိပ်တိုက်ရှာပေမဲ့ ဖောက်ထွင်းဝိဇ္ဇာငကျိုင်းကို မတွေ့ရတော့ဘူး။ သူ့ဘော်ဒါ တစ်ယောက်ရဲ့ သတင်းပေးချက်အရ ရွှေလီနယ်စပ်ကိုသွားမယ်ဆိုတဲ့ သတင်းရရော ရွှေလီသွားမည့် လမ်းကြောင်းများကို ကြိုတင်ဖုန်းဆက်လို့ တားဆီးပိတ်ဆို့ရေးတွေ အမြန်လုပ်ကြရတော့တယ်။

*

**(၆)**

ဒေါ်ဒေစီမြင့်ကံဆိုးသလောက် မမျှော်လင့်ဘဲ တိုက်ဆိုင်မှုကြီးစွာ ကံကောင်းသွားသူက အမယ်အိုကြီး ဒေါ်မြို့ဇာပဲ။

အရူးကြီးဦးဂလုံးဟာ ဒေါ်မြို့ဇာရဲ့အိမ်ရှေ့ကို သုံးခေါက်တိတိလာရပ်သွားတယ်။ လာရပ်တိုင်း အမယ်ကြီးဒေါ်မြို့ဇာက ငှက်ပျောသီးသုံးလုံး ဒါနပြုလိုက်တာပဲ။

ဦးဂလုံးကလည်း ငှက်ပျော်သီးသုံးလုံးရရင် နှစ်လုံးကို လွယ်အိတ်ထဲထည့်ပြီး တစ်လုံးအခွံနွှာ လို့ ဒေါ်မြို့ဇာရဲ့ရှေ့မှာ အားရပါးရစားပြတာပဲ။

အမယ်ကြီးဒေါ်မြို့ဇာကလည်း သူဒါနပြုသမျှကို အားရဝမ်းသာစားနေတာမြင်ရတော့ ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရတာ ပေါ့။

“မောင်ကြီး ရေသောက်ဦးမလား”

“ဟင့်အင်း”

“ထိုင်နားဦးမလား”

“ဟင့်အင်း”

“နေရောကောင်းရဲ့လား”

“အင်း”

ရှည်ရှည်ဝေးဝေးမပြောဘူး။ တိုရှင်းလိုရင်းပဲ။ သည့်နောက် ရွက်လှရွက်တစ်ရွက်ကို လှမ်းခူးပြီး ထုံးဘူးကြီးဖွင့်ပြီး ရွက်လှရွက်ပေါ်မှာ (၀)လုံးတစ်လုံး ရေးလိုက်တယ်။

“ရော့......ဆောင်ထား”

“ဘာကောင်းလို့လဲ မောင်ကြီး”

“ကံကောင်းလိမ့်မယ် လွတ်မပစ်နဲ့”

ဒီလိုပြောပြီး ပြန်လှည့်သွားတယ်။ သည့်နောက် ထုံးစံအတိုင်း သူဟစ်နေကျ ရွှေတိုင်ညွန့်ရဲ့ နဂါနီ သီချင်းကို အသံကုန်ဟစ်ပါရော။

“သိဒ္ဓိအဖုံအဖုံ လုံခြုံစေမည် နေ့စဉ်ညစဉ် ဖိုမထိုးဘဲ အကျိုးပေးနိုင်မည် မြန်မာ ပြည်သည် နဂါနီးတန်ခိုးနဲ့ မြေလျှိုးပါလို့ မိုးပျံနိုင်မည် မွဲတဲ့သူတွေ ငွေမရှားရအောင် ကြိုးစားလို့ ဆောင်ရွက်ကာမှန်း ထွက်ရပ်လမ်းပြမည် ”

သီချင်းသံကြားတော့ လမ်းထဲက ကလေးအုပ်ရော၊ ခွေးအုပ်ရောဝိုင်းအုံထွက်လာကြရာ ဆူညံ နေတာပဲ။ ခွေးတွေကဟောင်၊ ကလေးတွေက အော်ဟစ်လှောင်ပြောင်။

“ကပြပါ ဘိုးဘိုးကြီး”

“အစကနေပြန်ဆိုပါဘိုးဘိုးကြီး”

“အသံက အရမ်းကောင်းပဲ”

“တွံတေးသိန်းတန်အသံနဲ့ တူတယ်နော်”

လိပ်ပုတို့၊ ကြက်သိုးတို့၊ ငပွေးတို့၊ ဂဲထူမတို့ မူလတန်းကျောင်းသူသားကလေးအုပ်က အမျိုးမျိုး ဝေဖန်ပြီး ကလေးပီပီ သီချင်းတောင်းကြပါရောဗျာ။

“ဘဘိုးကြီး စနေနေ့ညကိုးနာရီ ရလားဟင်”

“မရဘူး”

“ဒါဆို ခနဖြူစိုးသိန်းရဲ့ ဖေဖေကြီးကိုချစ်တယ်ရော..”

“မရဘူး”

“ဒါဖြင့် အမေနဲ့ရွာကိုလွမ်းတယ်”

“မရဘူးဟေ့”

“ဒါဆို ရတဲ့သီချင်းဆိုပြပါ ဘကြီးရ”

“အေး........အေး.....နားထောင်.....။”

ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်[illegible]ရတနာခုနစ်သွယ် တကယ်ပင်စုံညီ တို့အမျိုးသားတိုင်းပြည်[illegible]ကိုင်း...ကိုး....ဒီလောက်နဲ့ ရပ်ဦးမယ်ဟေ့။ တော်ပြီ

“ဆုံးအောင်ဆိုပါ ဘဘိုးကြီးရ”

“မဆိုနိုင်ဘူး။ ဗိုက်နာနေလို့ အင်္ဂလန်သွားပြီး ချေးယိုဦးမယ်။ သွားပဟေ့.....တာ့တာ...”

နောက်ဆုံးတော့ ကလေးအုပ်က သူ့အပြော သူ့အမူအရာကို ကြည့်သဘောကျပြီး ဟားတိုက် ရယ်ကြရာ ဦးဂလုံးကြီးလည်း ဗိုက်နှိပ်ပြီး ပြေးရော။

တတိယမြောက်နေ့မှာ ဦးဂလုံးထုံးစံအတိုင်း အမယ်အိုကြီးဒေါ်မြို့ဇာ တံမြက်လှည်းနေချိန် ခြံဂ ရောက်လာပြန်ပါရောလား။

အမယ်အိုးကြီး ဒေါ်မြို့ဇာကလည်း ထုံးစံအတိုင်း ဖီးကြမ်းငှက်ပျောသီးသုံးလုံးကို မတွန့်မတို ပေးလိုက်တာပဲ။ ဦးဂလုံးကလည်း သူလုပ်နေကျအတိုင်း နှစ်လုံးကို လွယ်အိတ်ထဲထည့် တစ်လုံးကို စားပြတာပဲ။

"ရေသောက်ဦးမလား"

"ဟင့်အင်း"

"ထမင်းနဲ့ ပဲပြုတ်ကြော်ထားတာရှိတယ်၊ စားမလား"

"ဟင့်အင်း"

ဒါနဲ့ ဒေါ်မြို့ဇာက ဘာမျှမမေးမပြောတော့ဘူး။ ခြံထဲမှာ ထဘီရင်ရှားနဲ့ တံမြက်လှည်းနေတုန်း မှာပဲ

"နှမကြီး"

"ရှင်...."

လူကြီးရဲ့ခေါ်သံကြောင့် ဒေါ်မြို့ဇာ တံမြက်လှည်းနေတာကို ရပ်လိုက်ပြီး လူကြီးဦးဂလုံးရှိရာကို လာခဲ့လိုက်ရော။

"ဘာအလိုရှိလို့တုံး မောင်ကြီး"

"ရော့...."

"ဟင်....."

"ရော့ ဆိုပြီး လှမ်းပေးနေလို့ ကြည့်လိုက်တော့ ဦးဂလုံးလက်ထဲမှာ ကျပ်တန်အသစ်လေးနှစ် ရွက်။"

"ရော့......ယူ"

"ဟင့်အင်း.......မောင်ကြီးပဲသုံးပါ။ ကျွန်မ မလိုအပ်ပါဘူး။ မောင်ကြီးရဲ့ညီ ဆိုက်ကားနင်းက ပြန်လာရင် ပိုက်ဆံရမှာပါ။ မောင်ကြီးပဲသုံး.."

"ရော့....ယူ.....ထိထိုး"

"ဟင့်အင်း...."

"ရော့.....ယူ......ထိထိုး"

ဘယ်လိုမှ ငြင်းဆန်လို့မရသည့်အဆုံး အတင်းဖွတ်ထိုးပေးနေသည့် ကျပ်တန်အသစ်နှစ်ရွက် ကိုလှမ်းယူပြီး လက်အုပ်ချီလို့....

"မောင်ကြီး ကျန်းမာပါစေ၊ အသက်ရှည်အနာကင်းပါစေရှင်.."

"အိမ်း....ညည်းပေးသည့်ဆုအတိုင်း ညည်းလည်း ပြန်ရပါစေဗျာ"

အဲဒီ လိုပြောပြီး ချာခနဲလှည့်ထွက်သွားတယ်။ ဦးဂလုံးကြီးထွက်သွားမှ အမယ်ကြီးဒေါ်မြို့ဇာက ကျပ်တန်အသစ်လေးနှစ်ရွက်ကို ဖြန့်ကြည့်လိုက်ရော...

"အလို...."

ကြည့်စမ်း.....ငွေစက္ကူကျပ်တန်နှစ်ရွက်ပေါ်မှာ ထုံးနဲ့ (ဂ)လုံးတစ်လုံးစီ ရေထားလို့ပါကလား။ ဒီ မောင်ကြီး ဘာကြောင့်
(ဂ)လုံးတွေကိုသစ်ရွက်တွေပေါ်ရေးပေးလိုက်။ငွေစက္ကူကျပ်တန်ပေါ်ရေးပေး လိုက် ထူးထူးဆန်းဆန်းလုပ်ပေးနေမှန်းမသိဘူး။

ဒေါ်မြို့ဇာ စဉ်းစားရရော။ ရွက်လှသစ်ရွက်ပေါ် ရေးပေးတဲ့(ဂ) လုံးသစ်ရွက်နှစ်ရွက်အကြောင်း ဆိုက်ကားနင်းပြန်လာတဲ့ သူမရဲ့ယောက်ျား ကိုလွန်းမိုးကို ဟိုတစ်နေ့က ပြန်ပြောပြတော့....

"အေး.....ဒီအဘိုးကြီးကထူးတော့ထူးတယ်မဇာရ"

"ဘယ်လိုထူးလို့တုံး ကိုမိုး"

"မြို့ထဲမှာလည်းသစ်ပင်ကြီးအချို့ပင်စည်မှာ ထုံးနဲ့ (၀) လုံးတွေလိုက်ရေးနေတာပဲ။ ပြီး.... သစ်ရွက်ခပ်ကြီးကြီးမြင်ရင်လည်း အဲဒီသစ်ရွက်ပေါ်မှာ (၀) လုံးတွေ ထုံးနဲ့ လိုက်ရေးနေလို့ သူ့ကို ဦး ထုံးဘူးလို့လည်းခေါ်ကြသလို ဦးဝလုံးလို့လည်း နာမည်ပေးထားကြတယ်။

တစ်ခါတစ်ခါ မော်တော်ကားနံဘေးတွေမှာလည်း ထုံးနဲ့ (၀) လုံးတွေလိုက်ရေးလို့ ပြဿနာ တက်တာလည်းရှိတယ်။ ဒါပေမဲ့ သုံးခွမြို့က ဂျစ်ကားသမားတွေကတော့ သူ့ကို လိုလိုလားလားခေါ် ပြီး သူတို့ဂျစ်ကားရှေ့မှန်မှာ (၀) လုံးရေးပေးပါလို့ မကြာခဏ လာခေါ်ကြတာကို ထူးထူးဆန်းဆန်း ကြားရသဟ"

"ဘာလို့ ရေးခိုင်းတာတဲ့တုံးတော်"

"သူ (၀) လုံးရေးပေးလိုက်သည့်ကားဟာ ရေးပေးသည့်နေ့ကစပြီး လာဘ်ကောင်း၊ ကံကောင်း တယ်လို့ ပြောကြတာပဲဟ။ ဒါပေမဲ့ ငါ ဆိုက်ကားနင်းနေသမျှအချိန်မှာတော့ သူ့ကို မုန့်ပေး၊ ပိုက်ဆံ ပေး ခေါ်ရေးခိုင်းရင်တောင် အရေးလုပ်ချင်မှလုပ်တာ။"

အဲ သူစိတ်ဝင်စားရင်လည်း ကားရပ်ထားတုန်း (၀) လုံးရေးချင်တဲ့ကား ရေးသွားတာ။ ဘာပဲ ဖြစ်ဖြစ်ကွာ တစ်နေ့တော့ ထူးခြားလိမ့်မယ်လို့ ထင်တာပဲ။ မင်း (၀) လုံးသစ်ရွက်လေး သိမ်းထား။ သူလာရင်လည်း ပေးပါကျွေးပါ။ မေတ္တာပို့ပြီး ရိုရိုသေသေဆက်ဆံပါကွာ။ သနားပါတယ်"

ဒေါ်မြို့ဇာ သူမရဲ့ယောကျ်ား ကိုလွန်းမိုးပြန်ပြောပြသည့် ဦးဝလုံးခေါ် ဦးထုံးဘူး၏ အကြောင်းကို ဒီလိုသိခဲ့ရတယ်။

ဒီအချိန်မှာ အိမ်ရှေ့ကို ထီလက်မှတ်ရောင်းတဲ့ သုံးဘီးဆိုက်ကားတွန်းလှည်း ရောက်လာပါ ရော။

ကြည့်စမ်း တိုက်ဆိုင်လိုက်ပုံများနှယ်။

ထီလှည်းပေါ်က အသံချဲ့စက်က ရွှေတိုင်ညွန့်ရဲ့ ဆင်းရဲခြင်းလွတ်ကင်းအောင်း လမ်းပြဆောင် ပါမည်ဆိုသည့် နဂါးနီသီချင်းကို ခြံရှေ့ရပ်ပြီးဖွင့်လို့။

"အမေ ထီထိုးပါဦးလား။ (၇)အစ (၂)အဆုံး နဝင်းဂဏန်းလည်းရှိတယ် (၁)အစ (၅)အဆုံး သောကြာ (သောမ) ဂဏန်းလည်းရှိတယ်။ ပြီး အင်္ဂါ၊ ဂဗ္ဗော၊ စရေ၊ ဝံသေဆိုတဲ့ မိတ်ဓာတ် တစ်အစ ခုနှစ်အဆုံး၊ နှစ်အစ ငါးအဆုံး၊ သုံးအစ ရှစ်အဆုံး၊ လေးအစ ခြောက်အဆုံး လာဘ်ဂဏန်းတွေလည်း ပါရဲ့ အမေရယ်။"

မင်္ဂလာအချိန်မနက်ခင်းမှာ ကောင်းတဲ့အတိတ်ကောက်ပြီး နိမိတ်နောက်ကိုအရောင်လာ အောင် ကံစမ်းလိုက်စမ်းပါအမေရယ်။ တစ်စောင်မှ နှစ်ကျပ်တည်းရယ်"

တွန်းလှည်းထီရောင်းသည့် လူရွယ်ကလေးကလည်း အပြောကောင်းလေး။ ဒီအချိန်မှာ ထီ လှည်းပေါ်က ကက်ဆက်ကလည်း နန်းတော်ရှေ့ဆရာတင်ရေးပြီး အဆိုတော်မကြည်အောင်သီဆိုတဲ့ (အောင်နိမိတ်) သီချင်းကလည်း ကျက်သရေရှိစွာ ပေါ်လာလေရဲ့။

"အခါရွှေးလို့ မရသေးသော စည်းစိမ်းတွေ □□□ တိုးပါလို့ တန်ခိုးတွေပေါ် □□□ အနန္တမဘဝိ ကံ၊ အဘိဓမ္မဒေသနာတော် □□□ ဖောင်တော်ယာဉ်ကျော်နဲ့သာ □□□အမတခေမာ□□□ထူးထူး မြတ်မြတ် နိဗ္ဗူတာကိုရောက်ကြပါစေ□□□တောင်းဆုခြွေခဲ့တာ□□□□စာတန်းစာတန်းဖော်၍ သာ□□ ဆရာနန်းတော်ရှေ့ရေးပေးတာ□□□"

ဟန်ကျပြီ။ မောင်ကြီးဦးဂလုံးကလည်း ထီထိုးဆိုပြီး ငွေနှစ်ကျပ်ကို ပေးသွားရဲ့။ ငွေစက္ကူပေါ်မှာ လည်း (ဂ) လုံး ထုံးနဲ့ရေးလို့၊ ခုလည်းနဂါးနီသီချင်းက ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင် ပါမည်လို့ အိမ်ရှေ့မှာဆိုနေသလို မကြည်အောင်ကလည်း အခါရွှေးလို့ မရသေးတဲ့စည်းစိမ်တွေ တိုးပါ လို့ဆိုပြီး

"အောင်နိမိတ်သီချင်းနဲ့ မင်္ဂလာဆိုနေလေရဲ့။"

"လူကလေး...."

"ခင်ဗျာ......အမေကြီး၊ ပြောပါခင်ဗျာ"

"မင်းပြောသလိုပဲ အန္တော....တစ်အစ၊ ခုနစ်အဆုံးဂဏန်း ပေးစမ်းကွယ့်"

"အန္တောဂဏန်း....မဟုတ်မှလွဲရော အမေကြီးအိမ်မှာ တနင်္ဂနွေနဲ့စနေ ရှိနေပြီနဲ့တူရဲ့"

"မရှိပါဘူး သားရဲ့ မင်္ဂလာနိမိတ်ကို ကြိုက်လို့ပါ"

"ရတယ်...အမေ၊ ဒါနဲ့ အမေ အတိတ်ကရော ဘယ်လိုပေးရမလဲဟင်း"

"ဘုရားမပါ၊ တရားမပါ၊ သံဃာမတော်မူပါလို့ ရေးကွယ့်"

"ကောင်းလိုက်တဲ့အတိတ် အမေရယ်၊ ရော့.....ရော့....လိပ်စာလည်း ရေးပြီးပြီ။ ဟောဒီအမေ အိုးကြီးကို ရတနာမြတ်သုံးပါသာမက အဘဘိုးဘိုးအောင်ပါ မ ပါစေခင်ဗျား"

ထီရောင်းတဲ့လူရွယ်ကလေးက ထီလက်မှတ်လေးကို လှမ်းပေးရင်း မင်္ဂလာဆုတောင်းစကား ပင် အဆစ်ပိုလိုက်သေးရဲ့။

"လူလေး"

"ခင်ဗျာ.....အမေ"

"လူလေးနာမည် ဘယ်လိုခေါ်သတုံး"

"မောင်ချစ်စရာလို့ခေါ်ပါတယ်။ ဘိုးဘိုးအောင်ထီလှည်းက မောင်ချစ်စရာလို့မေးရင် တစ်မြို့ လုံးသိပါတယ်ခင်ဗျ"

"မောင်ချစ်စရာ.....လူကလေးကို အမေကြီး တစ်ခုပြောလိုက်မကွယ့်..."

“ပြောပါအမေ.....ပြောပါ”

“စောစောက အမေပေးလိုက်တဲ့ ထီဖိုးကျပ်တန်နှစ်ရွက်ကို သုံးမပစ်ဘဲ သိမ်းထားလူလေးရဲ့”

“ဘာဖြစ်လို့လဲ အမေ”

“အဲဒီ ကျပ်တန်အသစ် နှစ်ရွက်ပေါ်မှာ (၀) နှစ်လုံး ထုံးနဲ့ရေးထားတာပါတယ်။ မင်းတို့ငါတို့ကို နတ်ကောင်းနတ်မြတ် မ မလားမသိဘူး၊ နိမိတ်ထူးသကွယ့် သားရဲ့။ ဖြစ်နိုင်ရင် အဆောင်သဘောမျိုး သိမ်းထားကွယ့်”

ဒီလိုပြောလိုက်ရော ထီရောင်းသမား မောင်ချစ်စရာက ပိုက်ဆံဘူးထဲက ကျပ်တန်သစ်နှစ်ရွက် ကို ပြန်ထုတ်ယူလို့ ကြည့်လိုက်လေရော....

အမေကြီးပြောသလိုပဲ ကျပ်တန်းသစ်နှစ်ရွက်ပေါ်မှာ ထုံးနဲ့ (၀) လုံးတစ်လုံးစီရေးထားတာကို မြင်လိုက်ရတာ နဲ့ လွန်စွာဝမ်းသာသွားပြီး ထီလှည်းရဲ့ရှေ့ထိပ်က ဘိုးဘိုးအောင်ကန်တော့ပွဲပေါ်ကို ကျပ်တန်နှစ်ရွက်လက်အုပ်ချီကိုး ထိုးထားလိုက်လေရဲ့။

ဒီလိုနဲ့လဆန်းတစ်ရက်နေ့လည်းရောက်ရော မောင်ချစ်စရာရဲ့ ထီလှည်းလမ်းထဲကိုဝင်လာတာ အမေကြီး ဒေါ်မြို့ဇာတို့အိမ်ရှေ့ရောက်ရော လှည်းကိုစုံရပ်ပြီး....

“အမေ.....အမေ....”

“အမေကြီးရေ......အမေကြီး”

“ဟဲ့........ဘယ်သူတုံး”

အမေကြီးဒေါ်မြို့ဇာက ငါးပိရေကျိုအိုးတည်းရင်းက လှမ်းမေးလိုက်ရော....

“အမေ.....ကျွန်တော် ဘိုးဘိုးအောင်ထီလှည်းက မောင်ချစ်ရာပါအမေ၊

ဂမ်းသာစရာစကား ပြောမလို့ဗျ..”

“သြော်……လူကလေးမောင်ချစ်စရာပါကလား။ ထိုင်ပါဦး သားရဲ့၊ ဘာဂမ်းသာစရာစကားတုံး ဟဲ့”

“အမေ ထီတိုက်ပြီးပလား”

“ဟင့်အင်း……တိုက်လည်းမတိုက်တတ်ဘူး။ ထီလည်း တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ ထိုး ဖူးတယ်။ ဘာဖြစ်လို့”

“အမေ ထီပေါက်လို့”

“ဟေ…..ဟုတ်…ဟုတ်ရဲ့လား လူကလေးရယ်”

“တကယ်ပေါက်တာဗျ ဟောဒီမှာ ထီပေါက်စဉ်။ ဒီမှာကြည့်….အမေ့ရဲ့ဂဏာန်းနဲ့ အတိတ်။ အ အက္ခရာ တစ်အစ ခုနစ်အဆုံး။ ဘုရားမပါ တရားမပါ သံဃာတော်အရှင်မြတ်တို့ မ ပါတဲ့”

“ဟင်….”

ဒါနဲ့အမေကြီး ဒေါ်မြို့ဇာဟာ ဘုရားစင်က ဗုဒ္ဓရုပ်ပွားတော်အောက်ညှပ်ထားတဲ့ ထီလက်မှတ် ကိုယူပြီး တိုက်ကြည့်ခိုင်းလိုက်ရာ….

“တစ်သိန်းဆု အမေ၊ အံကိုက်ပဲ ခင်ဗျာ”

“ဟယ်…..ဂမ်းသာလိုက်တာ။ အမေ ဂမ်းသာလိုက်တာ သားရယ်။ သား လူလေးမောင်ချစ် စရာ”

“ဗျာ….အမေ”

“အမေ့ကို တစ်ခုကူညီစမ်း လူလေး”

“ဘာလဲအမေ ပြော။ ငွေလိုက်ထုတ်ပေးရမှာလား……ပြော”

“မြို့ထဲကိုသွား။ မြို့လယ်ရုပ်ရှင်ရုံရှေ့က ဆိုက်ကားဂိတ်မှာ အမေ့ခင်ပွန်း မင်းအဘ ဆိုက် ကားဆရာ ဦးလွန်းမိုးဆိုတာရှိတယ် အမြန်ခေါ်ခဲ့၊ အမေတို့ ထီတစ်သိန်းဆုပေါက်တဲ့အကြောင်း ပြောပြီး ခေါ်ခဲ့”

“ဟုတ်ကဲ့ အမေ၊ စိတ်ချ။ အခုချက်ချင်း သွားခေါ်ခဲ့မယ်”

မောင်ချစ်စရာလည်း ဂမ်းသာအားရဖြင့်၊ ဒေါ်မြို့ဇာလည်း ထဘီရင်ရှားကြီးနဲ့ ထ ရမလိုလို၊ ခုန်ရမလိုလို၊ ထိုင်ရမလိုလိုနဲ့ ဂမ်းသာလွန်းလို့ ဘယ်လိုနေရမှန်းမသိဘူး။

ဒီမှာ မောင်ချစ်စရာက သူ့ထီလှည်းကိုပြန်လှည့်ပြီး မြို့ထဲကိုသွားရော။ ထီးလှည်းပေါ်က ကက် ဆက်ကလည်း အဆိုတော်မကြည်အောင်ရဲ့ သီချင်းသံ ဝန်းကျင်တစ်ခုလုံးကိုပျံ့လို့။

“ဘုန်းတော်ခြောက်စုံ??? ဂုဏ်တော်အနန္တနှင့်???ဘုရားမပါ???တရားမပါ???သံဃာ တော်အရှင်မြတ်တို့က??? မတော်မူကြပါ???နေ့တိုင်း???ဒါန၊ သီလ၊ ဘာဂနာ အားပေးလက်ခံ ကုသိုလ်ရေးကြောင့်???ဝေဝေဆာ???သြော် စေတနာထူးတွေနဲ့ ရွှင်မြူးပါတဲ့ ပီတိမရဏာ??? ရှိပြီးသောဥစ္စာတွေ တာရှည်စွဲပြီးတော့ ကြာလေမြဲလေကောင်ကျိုးပေးပါစေသော???”

မောင်ချစ်စရာ ထီလှည်းနဲ့သီချင်းသံပျောက်သွားရော အမေကြီးဒေါ်မြို့ဇာရဲ့ရင်ထဲမှာ ကြည်နူး ဂမ်းသာ အံ့သြလွန်းလို့ ဘုရားစင်ပေါ်က ဗုဒ္ဓရုပ်ပွားတော်ကို ဦးကုန်းချပြီး မောင်ကြီးဦးဂလုံးအပါအဝင် (၃၁) ဘုံသားအားလုံးကို မေတ္တာပို့နေလိုက်လေရဲ့။

သိပ်မကြာလိုက်ပါဘူး။

လမ်းထိပ်ကနေ နဂါးနီသီချင်းသံ ပေါ်လာလေရဲ့။

“ဆင်းရဲခြင်းလွတ်ကင်းအောင် ??? လမ်းပြဆောင်ပါမည်
ရတနာခုနှစ်သွယ် တကယ်ပင်စုံညီ ???တို့အမျိုးသားတိုင်းပြည် ???”

ဒါ မောင်ချစ်စရာရဲ့ထီလှည်းကဖွင့်တဲ့ သီချင်းသံ။ ဒေါ်မြို့ဇာ ဘုရားရှိခိုး မေတ္တာပို့ရာကထ လိုက်ပြီး ခြံဂိတ်ထွက်ကြည့်လိုက်ရော....

အလို.....

ကြည့်စမ်း.....မောင်ချစ်စရာထီလှည်းက သီချင်းသံအကျယ်ကြီးဖွင့်ပြီး ရှေ့က။ သူ့နောက်မှာ သူမရဲ့ယောက်ျား ကိုလွန်းမိုးဦးဆောင်သည့် ဆိုက်ကားတန်းကြီး။

အော်ဟစ်ဂမ်းသာနဲ့ ခမောက်တွေမြှောက်၊ ဦးထုပ်တွေမြှောက်ပြီးနင်းလာကြတာ။ အို....အိမ် ရှေ့မှာ ဂမ်းသာအားရ အော်ဟစ်ခုန်ပေါက်လာသံတွေ ဆူညံလို့။

ဘဂတူ ဆိုက်ကားသမားတစ်ယောက် ကံကောင်းထောက်မစွာ အဲဒီ ခေတ် အမြင့်ဆုံးတစ်သိန်း ဆု ထီပေါက်တာကြားလို့ ပြောမပြနိုင်အောင် ဂမ်းသာရွှင်မြူးပြီး က ခုန်နေကြတာ။

ဒီတော့မှ အရပ်ထဲက အိမ်နီးနားချင်းများပါသိကုန်ပြီး ဆိုက်ကားအဖွဲ့နဲ့အတူ ဂမ်းသာကြ၊ မေး ကြ၊ မြန်းကြ။

ပြောရရင်တော့...

အဲဒီ နေ့တစ်နေ့လုံး ဒေါ်မြို့ဇာရဲ့အိမ်ရှေ့မှာ ဘဂတူဆိုက်ကားသမားတွေ၊ ထီဆုငွေမထုတ်ရ သေးပေးမဲ့ ရှိတဲ့ငွေနဲ့ ကြက်သားကာလသားဘူးသီးချက် ချက်ပြီး ပျော်ပျော်ပါးပါး၊ စားလိုက်တဲ့မြင်ကွင်း ဟာ...

ဒေါ်မြို့ဇာတွေးလိုက်ရဲ့...

ဆင်းရဲသား ဆိုက်ကားသမားတွေအားလုံး တစ်သိန်းဆုချည်းပေါက်လိုက်ကြရင် တကယ်ကို ဆင်းရဲခြင်းလွတ်ကင်းမှာ အမှန်မုချပဲလို့ တွေးလိုက်ရဲ့။

ဒီအတွေးနဲ့အတူ။

ကျေးဇူးရှင်၊ စေတနာရှင်၊ အရှုံးလိုလို လူထူးဆန်းကြီး ဦးထုံးဘူးခေါ် ဦးဂလုံးကိုလည်း တသသ သတိရနေရဲ့။ သတိရတာ နဲ့အမျှ ကိုလွန်းမိုးက ဆိုက်ကားနင်းပြီး ဦးဂလုံးကို လိုက်ရှာခဲ့တယ်။ မြို့သာနှံ့ ရော ဦးဂလုံးကို မတွေ့ရဘူး။

ဘယ်သူမေးမေး ဒီနေ့တော့ မတွေ့ဘူးချည်း ပြောနေကြလေရဲ့။

အေးလေ....ဒီနေ့မတွေ့ နက်ဖြန်တွေ့မှာပေါ့။ နက်ဖြန်မတွေ့ရင် သန်ဘက်ခါတော့ တွေ့ကို တွေ့ရမှာပေါ့။

*

## (၇)

အရှုံးလိုလူကြီး ဦးထုံးဘူးခေါ် ဦးဂတစ်လုံးပေးခဲ့သည့် ငွေနှစ်ကျပ်နှင့် ဆင်းရဲသားဆိုက်ကား သမားလင်မယား ဦးလွန်းမိုးနဲ့ ဒေါ်မြို့ဇာတို့လင်မယား၊ ထီတစ်သိန်းဆုပေါက်သွားသည့်သတင်းဟာ ဘဂတူဆိုက်ကားသမားများရဲ့ နှုတ်အာစကောင်းမှုနဲ့ တစ်မြို့လုံး ပျံ့နှံ့သွားတယ်။

အဲဒီ ခေတ်တုန်းက ထီဆုတစ်သိန်းဟာ အမြင့်ဆုံးကြေးပဲ။ ငွေတန်ဖိုးသိပ်ရှိတာ။ ဒီတစ်သိန်း ကြောင့် လူချမ်းသာစာရင်းလည်း ဝင်သွားနိုင်တာပဲ။

ကြည့်လေ.......ဂီလီဂျစ်ကားတစ်စီးမှ နှစ်သောင်းသုံးသောင်းတောင် မပေးရပါဘူးဗျာ။ အိမ်နဲ့ ခြံဝယ်ရင် လွန်လှတစ်သောင်းဆို ပျံနေတာရတယ်။

ရွှေတစ်ကျပ်သား လေးငါးထောင်ပဲရှိရဲ့။

ငကြွဲဆန်းတစ်ပြည် နှစ်ကျပ်ခွဲ။

လက်ဖက်ရည်တစ်ခွက် ငါးမူး။

ရန်ကုန်သန်လျင် သင်္ဘောစီးခမှ ငါးမူး။ ပုစွန်တောင်သင်္ဘောဆိပ်ကနေ ရန်ကုန်မြို့လယ် ပန်းဆိုးတန်းကို ကားစီးရင် အကြွေဆယ်ပြားပဲပေးရတယ်။

ကိုင်း.......ခုခေတ်လူတွေကြားရင် ပုံပြင်ပြောနေတာလို့ ထင်မှာပဲနော်။ စားရေးလေးလစာ (၈၂) ကျပ်ပဲရတယ်။ ဒါပေမဲ့ လင်မယားနှစ်ယောက်ထင်းစားဖို့ အေးအေးဆေးဆေးပဲ။

ရွှေမန်းတင်မောင်ဇာတ်၊ မြို့တော်သိန်းအောင်ဇာတ်ကြီးဝင်ကြည့်ရင် ရုံဝင်ခ တစ်ကျပ်။ ဖျာ၊ သုံးကျပ်၊ ငါးကျပ်။

ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ရင် ရှေ့ဆုံးက ငါးမူးတန်း၊ နောက်တန်းရှယ်က သုံးမတ်တန်း၊အပေါ် ထပ်၊ တစ်ကျပ်တန်း။

ငွေတန်ဖိုးက အဲဒီ လိုရှိတာ။ ခေတ်ကလည်းကောင်းမှ ကောင်းပါဗျာ။ အခါရာသီတိုင်း ပွဲလမ်း သဘင်ရှိရဲ့။

ဒေါ်မြို့ဇာတို့လင်မယား။ ဘဂတူဆိုက်ကားသမားတွေကိုရော သူတို့ကလေးတွေကို ဒုလ္လဘနဲ့ ရှင်ပြုအလှူကြီး လုပ်ပေးလိုက်တယ်။

ဒါနဲ့အတူ အရူးလိုလိုလူကြီး ဦးဂလုံးကိုလည်း အဝတ်အစားကောင်းများ ဝယ်ပေးပေမဲ့ ဦးဂလုံး ကြီးက မယူဘူး။

“ဘာလို့မယူတာတုံး မောင်ကြီးရဲ့”

"ငါ့မှာဝတ်စရာရှိပါတယ်"

"ဘယ်မှာတုံး။ ပြပါဦး မောင်ကြီးရဲ့"

"ဒီမှာလေဟာ...."

ကြည့်စမ်းပါဗျာ.....သူပြတာက သူ့ကိုယ်ပေါ်က ရွှေရင်ဖုံးသာရှိပြီး နောက်ကျောရှိတဲ့အကျႌနဲ့ ပုဆိုးအောက်နားကွဲ။

"ကျွန်မတို့ မောင်ကြီးရဲ့ ကံ စေတနာကြောင့် ကြီးပွားလာရတာ ပါ။ မောင်ကြီးလိုအပ်တာ ပြောပါ"

"ဘာမှမလိုဘူး"

"ကျွန်မတို့နဲ့အတူ လာနေမလားဟင်"

"မနေဘူး ငါ့မှာ အိမ်ရှိတယ်"

"အိမ်က ဘယ်မှာတုံး"

"ဒီအိမ်လေ.....အဟတ်..."

ကြည့်......သာလာယံဇရပ်ပျက်ကို လက်ညှိုးထိုးပြတယ်။

"မောင်ကြီး"

"ဘာတုံး"

"ဒါဆို ကျွန်မတို့ မောင်ကြီးအတွက် ဘာကုသိုလ်ကောင်းမှုများအကျိုးဆောင်ပေးရမတုံး ပြောပါ။ အားမနာပါနဲ့"

"........"

"ပြောပါ အစ်ကိုကြီး။ ကျွန်တော်တို့တစ်ခုခုလုပ်ပေးပါရစေ"

"မင်းတို့ လုပ်ပေးချင်လို့လား"

“အမှန်တကယ် လုပ်ပေးချင်လို့ပါ မောင်ကြီးရယ်”

“ကိုင်း.....ဒီလောက် စိတ်စေတနာ ပြင်းပြနေမှတော့ ဒီလိုလုပ်ကြပေ့....ဟောဟို ရှေးပါဒ ခေတ်ဘုရားစေတီဟောင်းကို အသစ်ပြန်တည်နေကြတာ ညည်းတို့လင်မယားရော၊ ကျုပ်ရော ကုသိုလ်ပါဝင်သွားအောင် အုတ်တစ်ထောင်နဲ့ ဘိလပ်မြေငါးအိတ် လှူလိုက်ကြကွာ။ မကောင်းဘူး လား”

“အို.....ဝမ်းသာလိုက်တာ မောင်ကြီးရယ်။ မောင်ကြီးရဲ့ဆန္ဒအတိုင်း နက်ဖြန် ကျွန်မတို့ ဒီကို အရောက်ပို့ပေးပါ့မယ်”

နောက်နေ့မှာ ဒေါ်မြို့ဇာတို့လင်မယား ကားငှားပြီး အုတ်တစ်ထောင်နဲ့ ဘိလပ်မြေငါးအိတ်၊ စေတီတည်ရာ ဂေါပကအဖွဲ့ကို သွားလှူလိုက်ကြရော ဂေါပကအဖွဲ့ကရော။ တာဝန်ခံဘုန်းတော်ကြီး ကရော ဝမ်းသာလို့။

“မှတ်တမ်းဘယ်လိုတင်ရမလဲ ခင်ဗျာ”

“အို......ကျွန်မတို့အမည်ကို မထည့်ပါနဲ့ရှင်။ ဦးထုံးဘူး ခေါ် ဦးဂလုံးကောင်းမှုလို့သာ မှတ်တမ်း တင်ပါ”

“ဗျာ....ဦးဂလုံး၊ နေပါဦး.....ဟိုဇရပ်မှာနေတဲ့ အရူးလိုလူကြီးကိုပြောတာလား”

“ဟုတ်ကဲ့ရှင်”

“ခင်ဗျားတို့နဲ့ ဘာတော်စပ်လို့တုံး”

“ဘာမှ မတော်စပ်ပါဘူး။ ဒီလိုကြောင့်ပါ”

ဒါနဲ့ ဒေါ်မြို့ဇာက ဦးထုံးဘူးရဲ့ကောင်းမှုကြောင့် ထီပေါက်ကံထူးပုံကို ပြောပြလိုက်ရော ဂေါပက အဖွဲ့ဝင်လူကြီးတွေ အံ့သြကုန်ရော။

“အေးဗျာ....ဒီလူကြီးက စိတ်ဝင်စားစရာတော့ ကောင်းတယ်ဗျာ၊

တစ်လောတုန်းကလည်း ဒီပန်းရန်ဆိုင်းက မိန်းကလေးတစ်ဦး မြွေဆိုးကိုက်ခံရတာကို ဒီလူကြီးပဲ ထုံးမန်းနဲ့ကုပေးလိုက်တာ။ ဆေးရုံကဆရာဝန်တောင် အံ့သြသွားရရဲ့ဗျာ”

*